
mgyoe.com

ကြည်နိုင်

# နှံ့စုတ်ငှက်ငယ် ပညာကြွယ်


အပါအဝင်

## မြန်မာစကားပုံ ပုံပြင်များ





mgyoe.com

mgyoe.co











KN0001

1,000.00 KS

mgyoe.com

mgyoe.com

နှံစုတ်ငှက်ငယ်ပညာကြွယ် အပါအဝင် မြန်မာစကားပုံ ပုံပြင်များ ကြည်နိုင်
မျက်နှာဖုံးပန်းချီ - ငွေကြည်၊ အတွင်းသရုပ်ဖော် - စောမင်းဝေ
စာမျက်နှာ ၁၇၁ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၁ ၀ ၀ ၀. ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိုက်ပျိုးချိုချိုစာအုပ်

# နံ့စုတ်ငှက်ငယ် ပညာကြွယ်
# အပါအဝင်
# မြန်မာစကားပုံ ပုံပြင်များ
# ကြည်နိုင်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- စကားဦး -က-
၁။ ကျည်ပွေ့အတက်ပေါက် ၂
၂။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ၇
၃။ ဆင်ပြောင်ကြီး အမြီးကျမှတစ် ၁၁
၄။ ပျားရည်တစ်ကြောင့် ပြည်ပျက် ၁၅
၅။ ကျီးနဲ့ခင်ပုပ် ရန်စစ်လုပ် ၁၉
၆။ ပိုနေမြဲ ကျားနေမြဲ ၂၄
၇။ ကျီစားသန် ရန်ဖြစ် ၃၁
၈။ စားရက်ကြံတော့ မုတ်ဆိတ်ပြာစွဲ ၃၅
၉။ ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံရ ၃၉
၁၀။ တက် တက်လွဲ ၄၃
၁၁။ မရ-ရသကချိုင် ၄၇
၁၂။ ဣတ္ထိဝက်၊ နဒီဝက် ၅၂
၁၃။ သူ့ကို ငါဖျက် ငါလျှင်ပျက် ၅၉
၁၄။ သူခိုး ဓားရိုးကမ်း ၆၂
၁၅။ ပတ္တမြားမှန်လျှင် ညွှန်မနစ် ၆၇


mgyoe.com

m.gyoe.com


၁၆။ ငုံးဆူ လူမသိ ၇၀

၁၇။ ခွေးစကားယုံ ပုဏ္ဏားချုံတိုး ၇၄

၁၈။ ကျီးတစ်ကောင် လေ်ာမှာ၍ ကျီးအများပျက် ၇၉

၁၉။ သွားဖန်များ ခရီးရောက်၊ မေးဖန်များ စကားရ ၈၄

၂၀။ အကျိုးလိုလို့ ဉာောင်ရေလော်င်း ပတ်ထမ်းနှင့်တွေ့ ၉၅

၂၁။ ခရာစေ့တွင်းချ ၁၀၀

၂၂။ ကျေးရှူးရှင် ကျည်စွပ် ၁၀၄

၂၃။ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ ၁၀၇

၂၄။ ဆင်အတောင်နှင့် ဆင်၊ ကြွက်အတောင်နှင့် ကြွက် ၁၁၁

၂၅။ နံစုတ်ငှက်ငယ် ပညာကြွယ် ၁၁၇

၂၆။ သံကိုကြွက်စား သားကိုစွန်ချီ ၁၂၄

၂၇။ စကားစည်မြည် ၁၂၉

၂၈။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ် ၁၃၃

၂၉။ ဖျံနှစ်ကောင် အငြင်းပွား ငါးကြင်းသား မြေခွေးချီ ၁၃၉

၃၀။ ဇာတ်တူသားစား၍ ဟင်္သာကိုးသောင်းပျက် ၁၄၃

၃၁။ ကျွမ်းကျင်ရာ လိမ္မာ ၁၄၈

၃၂။ ထန်းသီးကြွေခိုက် ကျီးနင်းကြိုက် ၁၅၂

၃၃။ စောင်ချမ်းပင်နတ်ကြောင့် အမြတ်ရ ၁၅၅

၃၄။ ကြောင်သူတော်ဆို ယိုတော့ကြွက်ချေး ၁၆၀

၃၅။ ခွေးနေရာ မြည်းဝင်လုပ်တော့
ဝါးရင်းတုတ်အနက်ခံရသည် ၁၆၅

၃၆။ ရော့ပတ္တမြား ရော့နဂါး ၁၆၈


■

m.gyoe.com

mgyoe.com

# စကားဦး

ကလေးတို့ရေ....

"နံ့စုတ်ငှက်ငယ် ပညာကြွယ်" ဆိုတာ ဒီပုံပြင်စာအုပ်ကလေးထဲက ပုံပြင်လေးတစ်ပုဒ်ရဲ့အမည် ဖြစ်ပါတယ်။ ဒီပုံပြင်စာအုပ်လေးဟာ ဦးဦးစုဆောင်း ရေးသားပြုစုတဲ့ မြန်မာစကားပုံ ပုံပြင်စာအုပ် တတိယအုပ် ဖြစ်ပါတယ်။ အမှတ်(၁) ကျားဆရာကြောင်နဲ့ အခြားပုံပြင်တွေ၊ ပုံပြင် ဒုတိယအုပ် မောင်ကျန်တစ်တို့ စာအုပ်တွေထဲမှာ မပါသေးတဲ့ စကားပုံ ပုံပြင်တွေ ဒီစာအုပ်မှာ အပုဒ် (၃၀)ကျော် ပါတယ်ကွဲ့။

ကလေးတို့ အပျင်းလည်းပြေ၊ ပညာလည်းရ၊ အသိလည်းတိုးစေဖို့ ရည်ရွယ်ပြီး ဒီပုံပြင်လေးတွေကို ရှာဖွေစုဆောင်းခဲ့တာပေါ့ကွယ်။

နံ့စုတ်ငှက်ငယ်ဆိုတာ ကလေးတို့ သိကြရဲ့လား၊ နံ့ပြီစုတ်ငှက်ကို ခေါ်တာပါပဲကွယ်။ နံ့ပြီစုတ်ငှက်ကို အမည်သာ ကြားဖူးပြီးတွေ့မြင်လေ့လာဖူးသူ နည်းတယ်လို့ သိရတယ်ကွဲ့။ "နံ့ပြီစုတ်ကို အမြောက်နဲ့ချိန်တယ်" ဆိုတဲ့စကား လူကြီးသူမတွေ ပြောသံကြားဖူး

mgyoe.com

mgyoe.com

မှာပေါ့။ အဲဒါ နံ့ပြီစုတ် ငှက်ငယ်ကလေးရဲ့ သေးငယ်ပုံကို တင်စားကာ သတ္တဝါနဲ့ လက်နက်မမျှပုံ၊ ကွာခြားပုံကို တင်စားပြောဆိုတာ ဖြစ်တယ်ကွဲ့။

တကယ်တော့ နံ့ပြီစုတ်ငယ်ကလေးဟာ အလျား ငါးလက်မလောက်သာ ရှိတယ်။ အသံကျယ်လောင်စွာ အော်တတ်တယ်။ ၁၀ စက္ကန့်အတွင်းမှာ ၂၅ ကြိမ်လောက်တောင် အော်နိုင်သတဲ့။ နံ့ပြီစုတ်ငှက်ဟာ ဥယျာဉ်ပန်းခြံတွေမှာ ကျက်စားလေ့ရှိတယ်။ တောချုံပုတ်တွေမှာ နေလေ့ရှိသတဲ့။ မိုးရာသီဆို ကျွန်းတောတွေမှာ နံ့ပြီစုတ်ရဲ့ သာယာတဲ့အသံကို ကြားရနိုင်သတဲ့။ နံ့ပြီစုတ် အော်မြည်သံကို ကြားရရင် စိတ်ရွှင်လန်းသတဲ့။ သူပျံသန်းတဲ့အခါ ရှည်လျားတဲ့ အမြီးဟာ ကျောပေါ်ထောင်တက်နေသတဲ့။ နံ့ပြီစုတ်ဟာ ကြောက်ရွံ့ခြင်းမရှိဘဲ အလွန်လျင်မြန် ဖျတ်လတ်တဲ့ ငှက်မျိုးကွဲ့။ အပင်ငယ်အကြိုအကြားတွေမှာ ပိုးမွှားတွေ ရှာဖွေစားသောက်တတ်တယ်။

မေလကနေ ဇူလိုင်လအချိန်ဟာ နံ့ပြီစုတ် သားပေါက်ချိန်ဖြစ်သတဲ့။ သူ့အသိုက်ကို မြေကြီးက ခြောက်ပေလောက်ကွာတဲ့ ချုံနိမ့်၊ ဒါမှမဟုတ် သစ်ကိုင်းမှာ ပြုလုပ်တတ်သတဲ့။ သစ်ရွက်ကြီးကြီးတွေကို နှုတ်သီးအားကိုးနဲ့ ကြိုးစချည်ထွေးတွေနဲ့ ချုပ်စပ် ဖာထေး၊ မြက်နုတွေ၊ အမွေးနုတွေ ခင်းကာ၊ ကာရံကာ အသိုက် လုပ်လေ့ရှိသတဲ့။ သူ့ဥက ရှည်ပြီး ခပ်ချွန်ချွန် ဖြစ်သတဲ့။ ဥခွံက ပါးလွှာနူးညံ့ပြီး ပြောင်လက်ခြင်း မရှိဘူးတဲ့။ အသိုက်တစ်မြုံမှာ သုံးဥကနေ လေးဥအထိ ရှိတတ်သတဲ့။

နံ့ပြီစုတ်ငှက်ကို မြန်မာနိုင်ငံ တစ်ဝန်းမှာ တွေ့နိုင်ပါတယ်။ ကွင်းပြင်တွေ၊ တောင်ခြေတွေမှာလည်း ကျက်စားတတ်တယ်။ ပေ ၄၀၀၀ အမြင့်ထိ ကျက်စားနိုင်တယ်လို့ ဆိုပါတယ်ကွယ်။ ပုံပြင်လေးကိုဖတ်ပြီး နံ့ပြီစုတ်ကို မြင်ချင်တယ်ဆိုရင်တော့ ရန်ကုန်တိရစ္ဆာန်

mgyoe.com

mgyoe.com

ဥယျာဉ်မှာ ရှာဖွေကြည့်ကြပေါ့ကွယ်။ ပုံပြင်ဖတ်၊ အပျင်းလည်းပြေ၊ အသိလည်းတိုး၊ လက်တွေ့လည်း လေ့လာနိုင်တာပေါ့။

ငှက်နဲ့ပတ်သက်တဲ့ ပုံပြင်လေးတွေ ဆရာမကြီး ဒေါ်ကြည်ဦး ပြုစုထားတဲ့ "ကလေးကြေးမုံ ငှက်မျိုးစုံ"ဆိုတဲ့ ပုံပြင်စာအုပ်လေး ရှိသကွဲ့၊ ရှာဖတ်ကြည့်ပေါ့ကွယ်။

"နှံပြီစုတ်ငှက်ငယ် ပညာကြွယ်"ဆိုတဲ့ ပုံပြင်လေးမှာ နှံပြီစုတ်ငှက်ကလေးရဲ့ စွမ်းဆောင်ပုံကို ဖတ်ကြရမယ်။ ဒီပုံပြင်လေးဟာ ရှေးဒဏ္ဍာရီလို့ ယူဆရပါတယ်ကွယ်။ ပုံပြင်ထဲမှာ ငှက်ကြီး တုံးစပ်ကို နမ်းပြီးရှုပ်လို့ "နမ်းပြီးရှုပ်ငှက်"ကနေ "နှံပြီစုတ်"ငှက်လို့ ခေါ်သတဲ့။ ဒါပေမဲ့ ငှက်ကြီးတုံးစပ်ဆိုတာလည်း အခုတိုင်ရှိနေတာ သိရပြန်တယ်။

ဒုံးစပ်လို့လည်း ရေးကြတယ်။ အဲဒီ ငှက်ကြီးတုံးစပ်ဟာ ခြေတံနဲ့ နှုတ်သီးရှည်တယ်။ အတောင်က ပြန့်ကားတယ်။ တုံးစပ်အဖိုက အလျားငါးပေရှိပြီး၊ အမက လေးပေခွဲ ရှိတယ်တဲ့။ လူ့အရပ်တမျှ ဖြစ်သတဲ့။ သားပေါက်ချိန်ဆို တုံးစပ်အဖိုရဲ့ ဦးခေါင်းလည်တိုင်တို့ နီထွေးနေတတ်သတဲ့။ စလုတ်ကိုလည်း နဂိုနေထက် ကြီးအောင် လုပ်နိုင်သတဲ့။ ငှက်ကြီးတုံးစပ်ရဲ့ အံသံကို ခပ်ဝေးဝေး ကပင် ကြားနိုင်သတဲ့။ သူဟာ ကျီးတွေလိုပဲ အပုပ်အစပ်ကို ရှင်းပေးသတဲ့။ မြန်မာနိုင်ငံ ရွှံ့တော၊ ဗွက်တော၊ ရေအိုင်နဲ့ လယ်ကွက်တွေမှာ ကျက်စားတတ်သတဲ့။ နှစ်ကောင်၊ သုံးကောင်ကနေ အကောင်နှစ်ဆယ်အထိ အုပ်ဖွဲ့နေတတ်သတဲ့။ မြေပြင်ကနေ ပျံတက်ရင် နှစ်ပတ်သုံးပတ် လှည့်ပတ်ပြီးမှ ကောင်းကင်ကို တဖြည်းဖြည်း ပျံတက်တတ်သတဲ့။ အစာမျိုးစုံ စားတတ်သတဲ့။ သူ မစားတာ နည်းနည်းပဲ ရှိသတဲ့။ မြေပြင်မှာ ပြောင်လက်တဲ့ အရာဝတ္ထုလေးများတွေ့ရင်လည်း ကောက်ယူတတ်သတဲ့၊ အကောင်ကြီးတော့ သူ့အသိုက်ကလည်း ကြီးတာပေါ့

mgyoe.com

mgyoe.com



ကွယ်။ သစ်ပင်ကြီးရဲ့ အနိမ့်ဆုံးအကိုင်းမှာ တုတ်တွေနဲ့ အသိုက်ဆောက်တတ်သတဲ့။ အသိုက်တစ်မြှုမှာ သုံးဥကနေ လေးဥရှိပြီး အရွယ်က အလျားသုံးလက်မသာသာ ဖြက်က နှစ်လက်မခွဲနီးပါး ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ဆောင်းရာသီမှာ လာရောက်ကျက်စားတတ်သတဲ့။ အောက်တိုဘာလက ဒီဇင်ဘာလအတွင်း ဥကနေ ပေါက်တတ်သတဲ့။ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်မှာ ရှာကြည့်ကြပေါ့ကွယ်။

ကလေးတို့ရေ....

ပုံပြင်လေးတစ်ပုဒ်ကနေ ဆက်နွှယ်ပြီး သိမှတ်စရာတွေ၊ လေ့လာမှတ်သားစရာတွေ အများကြီးပဲကွဲ့။

ဒီပုံပြင်စာအုပ်ကလေးမှာ အခြားမှတ်သားဖွယ် ပုံပြင်တွေလည်း အများအပြား ပါသကွဲ့။ ပုံပြင်လေးတွေဖတ်ပြီး ကလေးတို့ ပျော်ရွှင်ကာ စဉ်းစားဉာဏ် ထက်သန်ကြပါစေကွယ်။ ။

ကလေးတို့ရဲ့ ဦးဦး<br>ကြည်နိုင်

၁၅၊ မတ်လ၊ ၂၀၀၁။

■

m.gyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျည်ပွေ့အတက်ပေါက်

ရှေးအခါက ပုဂံပြည်မှာ ကျစွာမင်းကြီး အုပ်စိုးသတဲ့။

အဲဒီမင်းကြီး လက်ထက်မှာ ရဟန်းအိုကြီးတစ်ပါး ရှိသတဲ့။ အသက်အားဖြင့် ခြောက်ဆယ်ရွယ်လောက်ပေါ့ကွယ်။ အဲဒီအရွယ်အထိ ရဟန်းကြီးဟာ ပိဋကတ် စာပေတို့ကို ဘာမှလေ့ကျက်ခြင်းမရှိဘဲ ခပ်ပေါ့ပေါ့ နေထိုင်လာသတဲ့။

ရဟန်းအိုကြီးဟာ နေ့စဉ်မှန်မှန် သွားတိုက်တံ ဒန်ပူချောင်းနဲ့ သွားတိုက်ပြီး ကျောင်းအောက်တွင်းကြီးထဲ ပစ်ပစ်ချလေ့ရှိသတဲ့။ အဲဒီလို နေ့စဉ်သွားတိုက်ပြီးတိုင်း တွင်းကြီးထဲ ပစ်ချခဲ့ရာက တဖြည်းဖြည်းနဲ့ တွင်းကြီးဟာ ဒန်ပူချောင်းတွေနဲ့ ပြည့်လျှံလာသတဲ့။

တစ်နေ့မှာတော့ ရဟန်းကြီးဟာ ခါတိုင်းလိုပဲ ဒန်ပူနဲ့ သွားတိုက်ပြီး တွင်းကြီးထဲ ပစ်ချလိုက်တော့ တွင်းကြီး ပြည့်မောက်နေတာတွေ့ရတာကိုး။ ရဟန်းကြီးဟာ တွင်းကြီးထဲက ဒန်ပူချောင်းတွေကို ကြည့်ပြီး သတိသံဝေဂ ဖြစ်မိသတဲ့။

"ကြည့်စမ်း....။ ငါဟာ နေ့စဉ်သွားတိုက်ပြီး ဒန်ပူချောင်းတွေ တွင်းထဲချမိတာ တွင်းကြီး ပြည့်လျှံတောင်နေပြီ၊ သေးငယ်တဲ့

mgyoe.com

ဒန်ပူချောင်းလေးတွေ ဖြစ်ပေမဲ့ နေ့စဉ်မှန်မှန် ပစ်ချတော့ အချိန်တန် ရင် တွင်းကြီး ပြည့်လျှံလာရတာပဲ။ ငါဟာ စာပေမလေ့ကျက်ဘဲ အမှတ်မဲ့နေလာလိုက်တာ အခု အသက် ၆၀ တောင်ရှိပြီ။ နေ့စဉ် ဒန်ပူတစ်ထောက်စာမျှ စာပေလေ့ကျက်ခဲ့ရင် ခုဆို တံကယ့်ကျမ်းဂန် တတ်ကြီး ဖြစ်လောက်ပြီ"လို့ သတိကြီးစွာ ဖြစ်မိသတဲ့။

အဲဒီလို သတိဖြစ်မိပြီး ယနေ့မှစ၍ စာပေသင်ငံတော့အံ့ဆိုပြီး ဆုံးဖြတ်ချက်ချကာ ကျစ္စာမင်းကြီးထံဝင်ပြီး စာရေးသည့် ကံ့ကူဆံ အလှူခံသတဲ့။

ဒီအခါ ကျစ္စာမင်းကြီးက "အရှင်ဘုရား သက်ရွယ်လည်း အိုမင်း ကြီးပြင်းလှပါပြီ၊ ဒီအရွယ်မှ စာသင်လျှင် တတ်မြောက်မည် မထင်ပါ။ သို့သော်လည်း ကျည်ပွေ့ကြီး အတတ်ပေါက်လျှင်ဖြင့် အရှင်ဘုရား စာပေတတ်မြောက်ပါလိမ့်မယ်"လို့ ပြက်ရယ်စကားဆိုပြီး စာရေးရန် ကံ့ကူဆံများ လှူလိုက်သတဲ့။

အဲဒီအချိန်ကစပြီး ရဟန်းကြီးဟာ မင်းကြီးက ဖြက်ရယ်ပြု လိုက်သည်ကို စိတ်မှာမှတ်ပြီး နေ့စဉ်မှန်မှန် ဒန်ပူတစ်ထောက်စာမျှ စာပေလေ့ကျက်လေတော့သတဲ့။ တစ်နေ့တစ်ရက်မျှ သတိလစ်လပ် ခြင်းမရှိ၊ လေ့ကျက်မှု ပျက်ကွက်ခြင်းမရှိဘဲ ဝီရိယထား လေ့ကျက်လာ ရာက ကာလအတန်ကြာလာတဲ့အခါ သူ့ရည်မှန်းချက် ပြည့်မြောက် ခဲ့သတဲ့။ စာပေကျမ်းဂန် တတ်မြောက်ပြီ၊ ခက်ရာခက်ဆစ် ပုစ္ဆာများဖြင့် စမ်းသပ်ခံနိုင်ပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့အခါ ရဟန်းကြီးဟာ ကျစ္စာမင်းကြီးထံ ဝင်ပြန်သတဲ့။

ဒီတစ်ခါ ဘုရင့်ရှေ့မှောက် ဝင်ရောက်ရာမှာတော့ ရဟန်း ကြီးဟာ ကျည်ပွေ့ကြီးတစ်ခုကို သစ်ခက်တွေ ချည်နှောင်ပြီး ကျည်ပွေ့ ကိုင်မြောက်ကာ ဘုရင့်ထံ ဝင်လေသတဲ့။

mgyoe.com

ကျစွာမင်းကြီးဟာ သစ်ခက်တွေချည်ထားတဲ့ ကျည်ပွေ့ကြီးကိုင်မြှောက်ဝင်လာတဲ့ ရဟန်းအိုကြီးကို မြင်တဲ့အခါ အံ့ဩနေတာပေါ့။ ဘယ်ပုံဘယ်နည်းပါလဲ ဘုရားလို့ ဖြစ်ပျက်ပုံကို မေးလျှောက်လေသတဲ့။

ထိုအခါ ရဟန်းကြီးက "ဒါယကာမင်းကြီး၊ သင့်ထံ ကံ့ကူဆံအလှူခံစဉ်က ကျည်ပွေ့အတက်ပေါက်မှ စာတတ်မြောက်လိမ့်မယ်လို့ဆိုခဲ့တယ် မဟုတ်လား၊ ခုကြည့် ကျည်ပွေ့အတက်ပေါက်ပြီ"လို့ ဆိုပြီး ကျည်ပွေ့ကြီး မြှောက်ပြလေသတဲ့။

မင်းကြီးဟာ အဲဒီအခါမှာမှ သဘောပေါက်ပြီး ကြည်ညိုဝမ်းမြောက်လှတဲ့အတွက် ဦးချတောင်းပန်လေသတဲ့။

ရဟန်းကြီးက "ဒါယကာမင်းကြီး ငါ ယခုစာတတ်ပြီ။ မေးလိုရာ မေးပါ"လို့ မိန့်ကြားသတဲ့။

ထိုအခါ မင်းကြီးဟာ နေပြည်တော် အရပ်ရပ်မှာရှိတဲ့ ပိဋကတ်ကျမ်းတတ်အကျော် ဆရာတော်တို့ကို ပင့်ခေါ်စေတယ်။

အဲဒီနောက် လေးနက်ခက်ခဲတဲ့ ပုစ္ဆာတွေထုတ်ပြီး ရဟန်းကြီးကို စစ်မေးစေသတဲ့။ ရဟန်းကြီးဟာ စစ်မေးလေတိုင်း မဆိုင်းမတွနှုတ်လွတ်အာဂုံ အလုံးစုံ ဖြေဆိုနိုင်သတဲ့။

ဒီအခါ မင်းကြီးနဲ့တကွ ရဟန်းရှင်လူတို့ဟာ အံ့လည်းအံ့ဩ၊ ဝမ်းလည်းဝမ်းသာ ဖြစ်ကြသတဲ့။

ရဟန်းကြီးက "ဒီမှာ ဖြေရတာအားမရ၊ ငါ့အား ရေမွှန်းအောင်နှစ်ပြီး မေးလိုက မေးပါဦး"လို့ ထပ်မံ မိန့်ဆိုပြန်သတဲ့။

ဤအခါမှာ မေးမြန်းတဲ့ ပုဂ္ဂိုလ်များထဲက ထိုခေတ်က ခြောက်ကျောင်းသား ကျမ်းတတ်သံဃာတစ်ပါးဟာ အဟမ်းလို့ ချောင်းဟန့်မိလိုက်သတဲ့။ အဲဒီလို ချောင်းဟန့်တာကိုပဲ "အဟံ"လို့ မေးမြန်းတယ်ထင်လို့ "အဟံ"၏ ပါဠိ၊ သဒ္ဒါ အနက်တို့ကို နည်းအဖြာဖြာနဲ့

mgyoe.com

ရှင်းလင်းပြလေသတဲ့။ ဒီအခါ မေးမြန်းသူ ကျမ်းတတ် သံဃာများ မမေးဝံ့တော့ဘဲ ရယ်ပြုံးကာ လက်လျှော့ကြရသတဲ့။

ဤအခါမှာ ရဟန်းကြီးက "ငါ့ရှင်တို့ ငါ့အားမေးလှပြီ၊ ငါ့အား မေးဖွယ်မရှိလျှင် ငါက တစ်ဖန်ပြန်မေးပါရစေဦး"လို့ ဆိုပြီး "အညသမန်း စေတသိက်၌ အည၏ အပါဒါန်ကို ခံပါကုန်"လို့ မေးမြန်းသတဲ့။ ဒီအခါ ခြောက်ကျောင်းသား သံဃာများ အပါဒါန် မခံတည့်နိုင် ရှိလေသတဲ့။

အဲဒီအကြောင်း ကျစွာမင်းကြီး ကြားသိရတဲ့အခါ ရဟန်းကြီးကို အလွန်ကြည်ညိုတာကြောင့် "ဒိသာပါမောက္ခ"ဟူသော ဘွဲ့တံဆိပ်တော် ဆက်ကပ်တော်မူသတဲ့။

ဤပုဂံခေတ် အဖြစ်အပျက် ရာဇဝင်တစ်ကွက်အရ "ကျည့်ပွေ့အတတ်ပေါက်သည်"ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာသတဲ့။

ကလေးတို့ရေ...အဲဒီ ပုဂံခေတ် အဖြစ်အပျက်စဉ်ဆက် ရိုးရာပုံပြင်ထဲက ရဟန်းအိုကြီး "ရှင်ဒိသာပါမောက္ခ"ကဲ့သို့ ဇွဲနပဲနဲ့ စာပေပညာတို့ကို ကြိုးစာအပ်ကြောင်း အတုယူသင့်ကြတယ်ကွဲ့။ အသက်ကြီးငယ်မဟူ ပညာကိုလိုလျှင် ဇွဲနပဲနဲ့သာ ကြိုးစားက မုချအောင်ပန်းဆွတ်ခူးနိုင်ကြောင်း သာဓကပြတဲ့ ပုံပြင်ကလေးပါပဲကွယ်။ ကလေးတို့ အတုယူ ပညာကြိုးစားနိုင်ကြပါစေ။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ

ရှေးအခါက ဗာရာဏသီမင်းရဲ့ ဥယျာဉ်တွင်းမှာ မြင့်မားလှတဲ့ ကျွန်းပင်ကြီးတစ်ပင်ရှိလေသတဲ့။ အဲဒီ ကျွန်းပင်ကြီးရဲ့ ပတ်လည်မှာလည်း ကိုင်းပင်တွေ ပေါက်ရောက်နေကြလေသတဲ့။

အဲဒီလို ဝန်းကျင်နီးစပ်နေတဲ့အခါ ကျွန်းပင်စောင့်နတ်ကြီးနဲ့ ကိုင်းပင်ငယ်တွေကိုစောင့်တဲ့ နတ်ငယ်တို့ဟာ ဘုံနီးချင်း အဆွေခင်ပွန်းတွေ ဖြစ်နေကြတာပေါ့ကွယ်။

တစ်နေ့မှာတော့ ဗာရာဏသီမင်းကြီးဟာ နန်းတော်တိုင်အတွက် ခိုင်ခံ့ဖြောင့်စင်းတဲ့ သစ်အမျိုးအစားတိုင် လိုတာကြောင့် လက်သမားအကျော်တို့ကို ရှာဖွေစေသတဲ့။

လက်သမားများ နန်းတော်တိုင် ရှာဖွေကြတဲ့အခါ ဘုရင့်ဥယျာဉ်တွင်းက မင်္ဂလာကျွန်းပင်ကြီးကို တွေ့ရှိတော့ အလွန်သဘောကျကြတာပေါ့ကွယ်။ ဒါနဲ့ ဘုရင့်ထံ တင်ပြလျှောက်ထားသတဲ့။

ဘုရင့်ထံက ခုတ်လှဲဖို့ အမိန့်ရတော့ ကြီးကြပ်တဲ့ မှူးမတ်များနဲ့ လက်သမားတို့ဟာ ကျွန်းပင်ကြီးဆီလာပြီး ကျွန်းပင်စောင့်နတ်ကို အကျိုးအကြောင်းပြောပြ ခွင့်တောင်းကာ ပသကြသတဲ့။ ကျွန်ုပ်တို့

mgyoe.com

mgyoe.com


ဘယ်နေ့ ဘယ်ရက်လာမည်ဆိုပြီး ရက်ချိန်းကာ ပြန်သွားသတဲ့။

ဒါကြောင့် ကျွန်းပင်စောင့်နတ်ကြီးဟာ မိမိရဲ့ ဘုံဗိမာန်တော့ အမှန်တကယ် ဒီတစ်ခါဖြင့် ပျက်စီးရပေတော့မယ်လို့တွေးပြီး မှိုင်တွေချနေသတဲ့။

ကျွန်းပင်စောင့်နတ်ကြီးရဲ့ အမူအရာကို မြင်တဲ့အခါ ကိုင်းပင်စောင့် နတ်ငယ်က အကျိုးအကြောင်း မေးမြန်းသတဲ့။ အကြောင်းစုံသိရတဲ့အခါ "အရှင် ကျွန်းပင်စောင့်နတ်ကြီး၊ သင့်ဘုံဗိမာန်အား ခုတ်လှဲလျှင် ကျွန်ုပ်ကိုင်းပင်ငယ်များလည်း ရှင်းလင်းခံရလတ္တံ့၊ ကျွန်ုပ်နေရာလည်း အမှန်ပင် ပျက်စီးပါလိမ့်မည်။ ပူပင်သောက မဖြစ်ပါလင့်။ ကျွန်ုပ် ကြံပါဦးမယ်"လို့ အားပေးသတဲ့။

အဲဒီလိုနဲ့ ရက်ချိန်းစေ့လို့ ကြီးကြပ်သူ မှူးမတ်နဲ့ လက်သမားတို့လာကြတဲ့အခါ ကိုင်းပင်စောင့်နတ်က ဖွတ်ငယ်သဏ္ဍာန် ဖန်ဆင်းပြီး လက်သမားတို့ရှေ့မှာပဲ ကျွန်းပင်အမြစ်ခွအကြား ပြေးလွှားခိုအောင်းယောင် ပြုသတဲ့။ ပြီးမှ သစ်ပင်အခေါင်းရှိဟန် အတွင်းမှ တက်ဟန်ပြုပြီး ကျွန်းပင်ခွကြားကနေ ခေါင်းပြူပြလေသတဲ့။

အဲဒီအခါ လက်သမားတို့ဟာ "ဤကျွန်းပင်သည် မုချ အခေါင်းရှိရာ၏။ နန်းတော်တိုင် ပြုလုပ်ရန်မသင့်"လို့ အညီအညွတ် ယူဆကြပြီး ဖဲခွာသွားကြသတဲ့။

ဤအခါမှာ ကျွန်းပင်စောင့်နတ်ကြီးဟာ အလွန်ဝမ်းမြောက်လေသတဲ့။ "အဲဒါမှ မိတ်ဆွေစစ်ပဲ၊ မိတ်ဆွေဟူသည် သောက ဒုက္ခရောက်ချိန်တွင် ထိုသောက ဒုက္ခမှ လွတ်မြောက်ရန် ကူညီသူသာဖြစ်တယ်"လို့ ကိုင်းပင်စောင့်နတ်အား ချီးကျူးလေသတဲ့။

ထို့ကြောင့် ကျွန်းပင်ဘုံဗိမာန်ဟာ မပျက်စီးဘဲ ကိုင်းပင်ဘုံဗိမာန်ကို မှီတွယ်၍ တစ်ဦးနှင့်တစ်ဦး အမှီသဟဲ ပြုနေရတာကြောင့်

mgyoe.com

ထိုပုံဝတ္ထုကို အကြောင်းပြုကာ ပညာရှိတို့ဟာ "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ"လို့ ဆိုရိုးပြုကြသတဲ့။

အချို့ကလည်း လယ်ယာကိုင်းကျွန်းဆိုတဲ့ အသုံးအရ မြစ်စပ်၊ ချောင်းစပ်၊ မြစ်ငယ်၊ ချောင်းငယ်တို့ ကျွန်းသောင်၊ မြစ်ဝကျွန်းပေါ်၊ နုန်းတင်မြေနုများမှာ ငရုတ်၊ ကြက်သွန် စတဲ့ ကိုင်းသီးနှံတို့ စိုက်ပျိုးတတ်တာကြောင့် ထိုသီးနှံပင်တို့ဟာ ကျွန်းသောင်တို့ကြောင့် သီးနှံဖြစ်ထွန်းတယ်။ ကျွန်းသောင်တို့ဟာလည်း-သီးနှံပင်တို့ကြောင့် တင့်တယ်မှုဖြစ်တယ်လို့ ယူဆကြသကွဲ့။

အချို့ကလည်း ကိုင်းပင်ဆိုတာ ယခုပုံပြင်ထဲက အမျိုး အစားကိုင်းမြက်ပင်ကို ဆိုလိုပြီး ထိုကိုင်းမြက်ပင်ရဲ့ အမြစ်တို့ ဖွဲ့ယှက်တည်နေမှုကြောင့် ကျွန်းမြေတို့ဟာ ရေတိုက်စားမှု မခံရဘဲ တည်ရှိနေနိုင်ကြောင်း၊ ကိုင်းပင်ဟို့လည်း ကျွန်းမြေကိုမှီပြီး ရှင်သန်ရကြောင်း ဆိုလိုတယ်လို့လည်း-ယူဆကြပြန်သကွဲ့။

မည်သို့ပင်ဖြစ်စေ ဤပုံပြင်လေးဟာ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြု အကျိုးဖြစ်ထွန်းစေကြောင်း ရည်ညွှန်းတာဖြစ်လို့ မိတ်ဆွေချင်း၊ အိမ်နီးချင်း တစ်ဦးနှင့်တစ်ဦး အကျိုးပြုကာ ညီညွတ်စွာပေါင်းသင်းအပ်ကြောင်း မှတ်သားကြရမကွဲ့။-

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဆင်ပြောင်ကြီး အမြီးကျမှုတစ်

ဟိုရှေးအခါ ဝေဿဘူ မြတ်စွာဘုရား လက်ထက်အခါကပေါ့ကွယ်။ ကုမာရကဿပ အမည်တွင်တဲ့ ရဟန်းတော်တစ်ပါး ရှိလေသတဲ့။ ထိုရဟန်းဟာ တောအုပ်တစ်ခုအတွင်းမှာ သီတင်းသုံး နေထိုင်သတဲ့။

တစ်နေ့မှာတော့ ပုညလို့ အမည်တွင်တဲ့ သူဌေးတစ်ဦးဟာ ကုမာရဿပ ရဟန်းကို ကြည်ညိုတာကြောင့် သူ့နေအိမ်မှာ ဆွမ်းပင့်ကျွေးလေသတဲ့။ ဆွမ်းဒါနပြုပြီး သူဌေးရဲ့ဇနီးရော သမီးပါ တရားနာယူကြသတဲ့။

တရားဟောပြီးတဲ့အခါမှာတော့ ရဟန်းတော် ကုမာရကဿပဟာ သူဌေးသမီးရဲ့ ရုပ်ရုံကို စွဲလမ်းစိတ် ဖြစ်မိပါရော။ မိမိ သီတင်းသုံးရာ ကျောင်းသင်္ခမ်းပြန်ရောက်တော့ မအိပ်နိုင် မစားနိုင် ဖြစ်နေမိသတဲ့။

တစ်နေ့တော့ သူဌေးဟာ ကုမာရကဿပကို နောက်တစ်ကြိမ် ဆွမ်းပင့်ချင်တာကြောင့် တောအုပ်ရှိရာ ကျောင်းသင်္ခမ်းသို့ လာရောက်ပြန်သတဲ့။ ဒီအခါမှာ ရဟန်းတော်ရဲ့ မျက်နှာဟာ ကြည်လင်ရွှင်ပျ မရှိတာကို တွေ့ရသတဲ့။

mgyoe.com

mgyoe.com

"အရှင်ဘုရား ရှင်လန်းခြင်းမရှိ၊ နေထိုင်မကောင်း ကိုယ်လက်မကျန်း ရှိပါသလော"လို့ မေးလျှောက်သတဲ့။

ဒီအခါ ရဟန်းတော်က "ဒါယကာ သူဌေးကြီး ပုထုဇဉ်တို့ သဘာဝ ရူပါရုံကို စွဲလမ်းတပ်မက်တဲ့ တဏှာကြောင့် သမာဓိမတည်နိုင်၊ ခွေယိုင်နွမ်းလျ ဖြစ်တတ်ပေတယ်"လို့ မိန့်သတဲ့။

ဤအခါ သူဌေးကြီးဟာ တွေးတောဆင်ခြင် စဉ်းစားလေသတဲ့။ ဤရဟန်းသည် ယခင် ငါ့အိမ်တွင် ဆွမ်းပင့်စဉ်က ချောမောပြေပြစ်လှတဲ့ သမီးလှကညာကို အာရုံညွတ်တွား ပြစ်မှားစိတ်တွေဖောက်ပြားမိထင်ရဲ့။ ထိုရဟန်းကို ငါ့သမီး နှစ်သက်ချစ်ခင်လေက လူကြားလို့မှ မသင့်တော်၊ ကိုယ်ကျိုးနည်းရချည့်"လို့ တွေးတောပူပန်မိသတဲ့။

အဲဒီလို သူဌေးစိတ်နှလုံး ပူပန်ဆင်းရဲတာကို သူဌေးရဲ့ စည်းစိမ်ကို စောင့်တဲ့နတ်က သိလေသတဲ့။ ဒါကြောင့် "ရဟန်းအား ငါ့အစွမ်းဖြင့် လမ်းမှန်ကို ရောက်စေမည်"လို့ ကြံပြီး တောစောင့်နတ်နဲ့ တိုင်ပင်သတဲ့။ နောက်တော့ တောစောင့်နတ်က ဆင်ပြောင်ကြီးဟန်၊ သူဌေးကိုယ်စောင့်နတ်က သူဌေးသမီးဟန် ဖန်ဆင်းလေသတဲ့။

သူဌေးကြီးနဲ့ ရဟန်းတော်ရဲ့ ရှေးမှောက်မှာပဲ သူဌေးသမီးကို ဆင်ပြောင်ကြီးက လိုက်သတဲ့။ သူဌေးသမီးက ရဟန်းနားကပ်၊ ဆင်ပြောင်ကြီးက လိုက်၊ ကျောင်းပေါ်တက်ပြေး ကျောင်းပေါ်လိုက်၊ သူဌေးသမီးက ဆင်းပြေးလာပြီး ရဟန်းနားကပ်၊ ဆင်ပြောင်ကြီးက လိုက်။ တစ်ဖန် သူဌေးသမီးက ရဟန်းအပါးမှာရှိတဲ့ ကရားထဲဝင်ပြေးသတဲ့၊ ဆင်ပြောင်ကြီးက ဝင်လိုက်။ သူဌေးသမီးက ကရားထဲက ထွက်၊ ရဟန်းနား ကပ်၊ ဆင်ပြောင်ကြီးကလည်း ကရားထဲကထွက်တဲ့အခါ ကိုယ်လုံးကြီး ထွက်လို့ရပြီး အမြီးကျမှ တစ်နေလေသတဲ့။

mgyoe.com

ထွက်မလိုက်နိုင်တော့ဘူးပေါ့ကွယ်။

အဲဒီအခြင်းအရာအားလုံးကို ရဟန်းတော် ကုမာရကဿပ မြင်သတဲ့။ ဒီအခါ သတိသံဝေဂ ဖြစ်ပွားမိသတဲ့။ "ဤအခြင်းအရာကား အံ့ဖွယ်သရဲရှိစွ၊ လှပသော သတို့သမီးကို တပ်မက်သောကြောင့် ဆင်ပြောင်ကြီးက လိုက်ပေတယ်။ အမြီးကျမှ တစ်နေပေသကော။ အဖြစ်ဟာ ငါ့အဖြစ်နဲ့ တူလှတယ်။ ငါ့ရဲ့ ရဟန်းဘဝဟာ ဆင်ပြောင်ကြီးရဲ့ ကိုယ်ခန္ဓာနဲ့တူပြီး ငါ့ရဲ့ စက္ခုအာရုံ ကာမဂုဏ် စွဲလမ်းမှုဟာ ကရားနှုတ်သီး တစ်နေတဲ့ ဆင်ပြောင်ကြီးရဲ့ အမြီးနဲ့ တူလှတယ်"လို့ အထပ်ထပ်အဖန်ဖန် သုံးသပ် သတိသံဝေဂရ။ ဒီလိုနဲ့ အဖန်ဖန် ဆင်ခြင်ရှုလေသဖြင့် နောက်ဆုံးမှာ ရဟန္တာအဖြစ်သို့ ရောက်လေသတဲ့။

ဤပုံပြင်ကို အကြောင်းပြုပြီး "ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာလေသတဲ့။

ကလေးတို့ရော ဒီပုံလေးကို ဖတ်ရှုပြီး စိတ်အလို မလိုက်သင့်ကြောင်း မှတ်သားကြရမကွဲ့။ စိတ်အလိုလိုက်မိတဲ့အခါ မိမိရဲ့ ရည်မှန်းချက်တွေ နှောင့်နှေးတတ်တယ်။ ဘဝလမ်းခရီးမှာ ရှောရှောရှူရှူမဖြစ်ဘဲ အမြီးကျမှ တစ်နေတတ်တဲ့အဖြစ်မျိုး ကြုံတွေ့ရတတ်ကြောင်း မှတ်သားကြရမကွဲ့။

■

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ပျားရည်တစ်စက်ကြောင့် ပြည်ပျက်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုသတဲ့။ မင်းကြီးမှာ ပုရောဟိတ်ပုဏ္ဏား အမတ်ကြီးလည်း ရှိသတဲ့။

တစ်နေ့မှာတော့ မင်းကြီးနဲ့ ပုဏ္ဏားကြီးဟာ ပိတ်ဖြူခင်းပြီး ပျားရည်ဆမ်းပေါက်ပေါက်ကို သုံးဆောင် ပွဲတော်တည်နေကြသတဲ့။

တစ်ကြိမ်မှာတော့ မင်းကြီး ယူစားတဲ့ ပေါက်ပေါက်ကနေ မုန့်ညင်းစေ့ခန့် ပျားရည်စက်ဟာ ပိတ်ဖြူပေါ် ကျလေသတဲ့။ ကျတာသိပေမဲ့ ရာဇပ္လင်နွေမဲ့မှာ စိုးတာကြောင့် ပျားရည်စက်ကို မသုတ်ဘဲနေလေသတဲ့။

မင်းကြီးအပါးရှိနေတဲ့ ပုရောဟိတ် ပုဏ္ဏားကြီးကလည်း အဲဒီပျားရည်စက်ကို မြင်ပေမဲ့ ကဝိတို့ဓလေ့အရ မင်းကြီးဘက်မှာ ရှိတာကြောင့် လှမ်းမသုတ်ဖြစ်ဘူးပေါ့ကွယ်။

ခဏအကြာမှာတော့ ယင်ကောင်တစ်ကောင် အဲဒီပျားရည်စက်ကို လာနားသတဲ့။ မင်းနဲ့ပုဏ္ဏားလည်း မြင်ပေမဲ့ ကြည့်သာနေသတဲ့။ မောင်းနှင်ခြင်း မပြုဘူးပေါ့ကွယ်။

အဲဒီအခိုက်မှာပဲ အနီးနံရံထက်က ပင့်ကူတစ်ကောင်ဟာ

mgyoe.com

mgyoe.com

ယင်ကောင်ကို အရအမိ ဖမ်းအုပ်လေသတဲ့။ အဲဒီ အခြင်းအရာကို မြင်ပေမဲ့ မင်းနဲ့ ပုဏ္ဏားကတော့ အစားမပျက်ဘူးတဲ့။

ယင်ကောင်အပေါ် ပင့်ကူအုပ်ဖမ်းတာကို မျက်နှာကြက်ပေါ်က အိမ်မြှောင်ကမြင်ပြီး အဲဒီပင့်ကူကို တစ်ဖန် ဖမ်းပြန်သတဲ့။ မင်းနဲ့ပုဏ္ဏားဟာ မြင်ပေမဲ့ အစားမပျက် လျစ်လျူရှုမြဲ ရှုနေကြသတဲ့။

နောက်ခဏမှာတော့ အစာရှာထွက်လာတဲ့ ကြွက်တစ်ကောင်ဟာ အိမ်မြှောင်ကိုမြင်တော့ အသာငမ်းငမ်း ပြေး၍ဖမ်းပြန်သတဲ့။ အဲဒီဖြစ်စဉ်ကိုလည်း မင်းနဲ့ပုဏ္ဏားဟာ ဂရုမထား ဥပေက္ခာရှုကြပြန်သတဲ့။

နောက်တစ်ဖန် ကြောင်တစ်ကောင်ဟာ အိမ်မြှောင်ဖမ်းတဲ့ ကြွက်ကို ခုန်အုပ် အရေဆုတ်လေသတဲ့။ မင်းနဲ့ ပုဏ္ဏားဟာ မြင်ပေမဲ့ ဆိတ်ဆိတ်ပဲ နေကြသတဲ့။

အဲဒီအခိုက်မှာပဲ မင်းနဲ့ပုဏ္ဏား ပေါက်ပေါက်စားနေတာကို နံဘေးကို မျှော်နေတဲ့ ခွေးတစ်ကောင်က ကြောင်ကိုဝင်ပြီး အတင်းကိုက်ခဲလေသတဲ့။ မင်းနဲ့ပုဏ္ဏားဟာ ထိုအခါမှာလည်း ဆီးတားခြင်း မပြု ကြည့်ရှုလျက်သာ နေလေသတဲ့။

ခွေးနဲ့ကြောင်တို့ လုံးထွေးသတ်ပုတ် ရန်စစ်လုပ်နေတာကို မြင်တဲ့အခါ ခွေးရှင်နဲ့ ကြောင်ရှင်တို့ အသီးသီး အိမ်မှထွက်လာကြကာ နှစ်ဖက်ယှဉ်ပြိုင် စကားနိုင်လုရင်း ရန်ဖြစ်ကြပြန်သတဲ့။

ခွေးရှင် ကြောင်ရှင်တို့ နှစ်ဦးနှစ်ဖက် အော်ဟစ်ပြောဆို ရန်ဖြစ်နေပေမဲ့ မင်းနဲ့ပုဏ္ဏားဟာ ဘာမှစစ်မေးခြင်းမပြု၊ ရန်လည်း မဖျဉ် ဘာသိဘာသာပင် နေနေလေသတဲ့။

မင်းနဲ့ပုဏ္ဏား အရေးမယူတဲ့အခါမှာ ကြောင်ရှင်ဟာ သူခင်မင်တဲ့ မင်းသားထံ အကူအညီတောင်း လူစုဆောင်းသတဲ့။ ခွေးရှင်

mgyoe.com

ကလည်း ထိုနည်းတူ သူ့မင်းသားကို အကူအညီတောင်း လူစုဆောင်း ပြန်သတဲ့။ အဲဒီလို နှစ်ဖက် လူစုလူဝေးနဲ့ တုတ်ဓားကိုင်ဆောင်ကာ ရန်စောင်ရန်မူပြီး ရန်ဖြစ်ကြပါလေရော။

ဒီအခါမှ မင်းနဲ့ ပုဏ္ဏားတို့ဟာ မှူးမတ် သေနာပတိတို့ကို ဆင့်ခေါ်ကာ ရန်ပွဲကို ဖျန်ဖြေစေသတဲ့။

ဒါပေမဲ့ အဲဒီအချိန်မှာ ရန်ပွဲဟာ တစ်စတစ်စနဲ့ အလွန် ကြီးမားလာပြီး ဖျန်ဖြေလို့မရဖြစ်ကာ တစ်ဖက်တစ်ဖက် အလုံးအရင်း တွေနဲ့ ထိုးနှက် သတ်ပုတ် တိုက်ခိုက်ကြတာကြောင့် နောက်ဆုံး မင်းနဲ့ ပုဏ္ဏားဟာ တိုက်ပွဲအလယ်ကောင်ရောက်ပြီး ကြားညှပ်သေဆုံး၊ သူကြွယ် ဆင်းရဲသားမကျန် ကြီးမားလာတဲ့ စစ်ပွဲကြီးထဲမှာ သေကြပြီး ဗာရာဏသီပြည်ကြီးလည်း ပျက်စီးခြင်းအဖြစ်သို့ ကျရောက်ရလေ သတဲ့။

ဤအဖြစ်အပျက်ကို မူတည်ပြီး “ပျားတစ်စက်ကြောင့် ပြည် ပျက်”ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာသတဲ့။

ကလေးတို့ရေ...အဲဒီပုံပြင်လေး ထောက်ရှုပြီး အမှုကိစ္စ ဆိုတာ သေးငယ်တယ်ဆိုပြီး မထိမဲ့မြင် မပြုအပ်ဘူးကွဲ့။ သေးရာက တဖြည်းဖြည်း ကြီးထွားလာတဲ့အခါ ဖြေရှင်းမရဘဲ ဖြစ်တတ်ကြောင်း မှတ်သားကြရမယ်ကွဲ့။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျီးနှင့်ခင်ပုပ် ရန်စစ်လုပ်

ကလေးတို့ရေ....ကျီးကန်းနဲ့ ဇီးကွက်တို့ဟာ ဟိုးကမ္ဘာဦးအခါ ကတည်းက ရန်ဘက်တွေ ဖြစ်ခဲ့ကြသတဲ့။ ဇီးကွက်ကို ခပ်ပုပ်ငှက် လို့လည်း ခေါ်ကြတယ်ကွဲ့။ နေ့အခါမှာဆို ဇီးကွက်ကိုတွေ့ရင် ကျီးကန်းက ထိုးဆိတ်တယ်။ ဒါကြောင့် ဇီးကွက်တို့ဟာ နေ့အခါ သစ်ခေါင်းတွင်းမှာ ပုန်းအောင်းနေပြီး ညအခါမှ အစာရှာထွက်လေ့ ရှိကြသတဲ့။ အဲ....ညအခါ ကျီးကန်းကို တွေ့ရင်တော့ ဇီးကွက်က လိုက်ထိုးဆိတ်တာပေါ့ကွယ်။ ညမှာ ဇီးကွက်က အရေးသာပြီး၊ နေ့မှာ တော့ ကျီးကန်းက အရေးသာတာပေါ့။

သူတို့နှစ်ဦး ဘာ့ကြောင့် ကမ္ဘာရန် ဖြစ်ခဲ့ရသလဲ။

ဟိုးလွန်လေပြီးသော အခါကပေါ့ကွယ်။ လူတို့ဟာ သီလ၊ သမာဓိ၊ ပညာရှိတဲ့ အမျိုးကောင်းသားတစ်ဦးကို မဟာသမ္မတ မင်း အဖြစ် တင်မြှောက်ကြပြီး လူတို့ကို အုပ်ချုပ်စေသတဲ့။ အဲဒီလိုပဲ ခြေလေး ချောင်းရှိတဲ့ သတ္တဝါတွေဟာ ခြင်္သေ့ကို သူတို့ တောသတ္တဝါတို့ရဲ့ အကြီးအမှူးမင်းအဖြစ် တင်မြှောက်ကြတယ်။ ငါးတို့ကလည်း ရေသတ္တဝါထဲမှာ ခွန်အားကြီးမား၊ ဉာဏ်ပညာကြီးမားတယ်လို့

mgyoe.com

mgyoe.com

ယူဆတဲ့ ငါးကြီးအာနန္ဒာကို မင်းအဖြစ် တင်မြှောက်ကြသတဲ့။

အဲဒီအခါ ငှက်အပေါင်းတို့ဟာလည်း "တို့လည်း မင်းအဖြစ် တင်မြှောက်ဖို့ သင့်တော်သူကို ရှာဖွေပြီး မင်းအဖြစ် တင်မြှောက်ကြပါ၊ မင်းမဲ့တိုင်းပြည်ဆိုတာ မရှိသင့်ပါဘူး"လို့ တိုင်ပင်ဆွေးနွေးကြသတဲ့။

အဲဒီအစည်းအဝေးမှာပဲ ခပ်ပုပ်ငှက်ကို မျက်လုံးကျယ်တယ်၊ ဝိုင်းတယ်၊ အနေတည်လို့ ပညာရှိဟန်တူတယ်လို့ ငှက် အချို့က ဘုရင်မြှောက်ဖို့ အဆိုတင်သွင်းကြတယ်။ ခင်ပုပ်ငှက်ကြီး ဟာလည်း တစ်ခါဖြင့် သူဟာ ငှက်တို့ရဲ့ ဘုရင်ဖြစ်တော့မယ်လို့ ကျိတ်ဝမ်းသာနေတာပေါ့။

အဲဒီလိုနဲ့ ငှက်အပေါင်းအတော်များများဟာ ခင်ပုပ်ငှက်ကို မင်းအဖြစ် တင်မြှောက်ဖို့ သဘောတူညီကြပြီး အစည်းအဝေး ထုံးစံအရ "ကန့်ကွက်မယ့်သူ ရှိပါသေးသလား"လို့ သုံးကြိမ်မေးသတဲ့။ ခပ်ပုပ်ငှက် ကိုယ်တိုင်ကလည်း မေးသတဲ့။

နှစ်ကြိမ်မြောက် မေးတဲ့အခါ ငှက်ပရိသတ်အလယ်က ကျီးကန်းငှက်ဟာ ရဲရဲရင့်ရင့် ထလိုက်ပါရော။ "ကျွန်ုပ်ကို ပြောခွင့်ပြုပါ"လို့ တောင်းဆိုတော့ ငှက်အများဟာ ကျီးကို ပြောခွင့်ပြုမှ သင့်မယ်လို့ တိုင်ပင်ပြီး ပြောခွင့်ပြုလိုက်ရတာပေါ့။

ဒီအခါမှာ ကျီးကန်းက "အချင်းတို့၊ ကျွန်ုပ်တို့ရဲ့ ဘုရင်အဖြစ်တင်မြှောက်မယ့် ခပ်ပုပ်ငှက်ကို သေသေချာချာကြည့်ပါ။ စိတ်မဆိုးပဲ နဂိုအတိုင်းနေတာတောင် မျက်လုံးပြူးပြူး၊ ဘီလူးသဘက်ပုံ နှလုံးတုန်လောက်ပါရဲ့။ အကယ်၍ စိတ်များဆိုးလို့ သုန်မှုန်ဒေါသ မာန်ရှနေရင် ဘယ်လောက် ဆိုးမယ်ဆိုတာ စဉ်းစားသာကြည့်ကြပါ။ ခပ်ပုပ်ငှက်ကို ကျွန်ုပ် ကန့်ကွက်ပါတယ်။ အခြား

mgyoe.com

သင့်လျော်တဲ့ အဆင်းလှပတင့်တယ်တဲ့ ငှက်ကို ရွေးချယ်ကြပါ"လို့ ခင်ပုပ်ငှက်ရှေ့မှာပဲ မျက်နှာပြောင်ပြောင်နဲ့ ပြောချလိုက်ပါရောတဲ့။

အဲဒီတော့ ဘုရာဖြစ်အံ့ဆဲဆဲ ရာဇပလ္လင်ပေါ်တွင် မှောက်ရက်လဲရတဲ့ အဖြစ်မျိုး ကြုံတော့ ခင်ပုပ်ငှက်ဟာ အကြီးအကျယ် စိတ်ဆိုးတာပေါ့။ "ငါ့ကိုလည်း ငှက်ပုံလယ်မှာ အရှက်ခွဲတယ်"ဆိုပြီး ကျီးကန်းကို မကျေနိုင် မချမ်းနိုင် ဖြစ်တော့တာပေါ့။

ကျီးကန်းဟာ ခင်ပုပ်ကို ကန့်ကွက်ပြီး ချက်ချင်းပဲ အစည်းအဝေးက ထွက်သွားတယ်။ ခင်ပုပ်ငှက်လည်း ရှက်ရှက်၊ မျက်နှာပူပူဒေါသထွက်ထွက်နဲ့ ကျီးနောက်ကို လိုက်တော့တာပဲ။

ကျန်တဲ့ငှက်တွေဟာ တိုင်ပင်ပြီး အရောင်အဆင်း တင့်တယ်တဲ့ ရွှေဟင်္သာငှက်ကို မင်းမြှောက်လိုက်ကြသတဲ့။

ကျီးကန်း အစည်းအဝေးက ထွက်ခွာချိန်ဟာ နေညိုစောင်းနေပြီ။ နောက်က ခပ်ပုပ်ငှက်လိုက်တော့ မှောင်ရိပျိုးပြီပေါ့။ ခင်ပုပ်ငှက်တို့ဟာ မျက်လုံးကျယ်တဲ့အတွက် ညဥ့်မှာ အစာရှာတတ်တယ်။ ဒါကြောင့် ညဥ့်ကာလဟာ ခင်ပုပ်တို့ရဲ့ အချိန်ဖြစ်တယ်။ ကျီးတို့ကတော့ နေ့အခါမှာသာ အစာရှာတတ်ကြတယ်ကွဲ့။

ခင်ပုပ်ဟာ သိပ်စိတ်ဆိုးတာကြောင့် ကျီးနောက် ထိုးဆိတ်တိုက်ခိုက်ဖို့ လိုက်တော့တာပဲ။ ကျီးလည်း ပြေးမိပြေးရာ ပြေးတာပေါ့။ ဒါပေမဲ့ ညဟာ ခင်ပုပ်ရဲ့ ကာလဖြစ်လို့ ကျီးကန်းဟာ ထိုးဆိတ်ခံရပြီး တိုက်ပွဲမှာ ရှုံးနိမ့်ရသတဲ့။ အိပ်ကလည်း အိပ်ချင်၊ မှောင်ထဲလည်းဖြစ်၊ မမြင်မစမ်း ပြေးလွှားပုန်းအောင်ရတော့ တစ်ခါ တစ်ခါ အထိုးအဆိတ် ခံရတာပေါ့။

ဒီလိုနဲ့ ညဘက် အရေးနိမ့်ခဲ့ရတဲ့ ကျီးကန်းဟာ ရောင်နီပျိုးလို့ နေ့အလင်းဘက် ရောက်လာတော့ မျက်လုံးကျယ်လာ၊ ပိုမြင်

mgyoe.com

လာပြီး ခင်ပုပ်ကို တန်ပြန်တိုက်စစ်ဆင်ပါရော။ နေ့အခါဟာ ကျီးတို့ရဲ့ အစာရှာဖွေချိန် ကာလဖြစ်လို့ ခင်ပုပ်ဟာ ရှောင်ခွာဆုတ် ပြေးလုပ်ရတာပေါ့။ သစ်ခေါင်းရှိရာကို အမှီသဟဲပြုရသတဲ့။ အဲဒီလိုနဲ့ နေ့မှာ ကျီးရန်ကြောက်လို့ သစ်ခေါင်းတွင်းမှာ ခင်ပုပ်တို့ ပုန်းအောင်းရသတဲ့။

ဒီလိုနဲ့ ကမ္ဘာဦးကာလက စခဲ့တဲ့ ရန်ငြိုးဟာ မပြေနိုင်ဘဲ ဒီနေ့အထိ စစ်ခင်းကြတုန်းပဲတဲ့။ ဒါကြောင့် "ကျီးနှင့်ခင်ပုပ် ရန်စစ်လုပ်"ဆိုတဲ့ စကားပုံ အဆိုတစ်ရပ် ပေါ်ပေါက်လာရတာပေါ့ကွယ်။

ကလေးတို့ရေ...ဒီပုံပြင်ကလေးကို ထောက်ရှုပြီး တစ်ဦးနဲ့ တစ်ဦး အမုန်းပွားရင် တစ်လျှောက်လုံး အငြိုးအတေး ရန်မီးပွားတတ်ကြောင်း သတိပြုကြရမယ်ကွဲ့။ ဒါကြောင့် ချစ်စကိုသာ ရှည်စေ၊ မုန်းစကို မရှည်စေနဲ့လို့ လူကြီးသူမများ ဆုံးမကြတာပေါ့ကွယ်။

■

mgyoe.com



mgyoe.com

mgyoe.com

# ပိုနေမြဲ ကျားနေမြဲ

တစ်ခါက ရွာတစ်ရွာမှာ မောင်ပိုဆိုတဲ့ လုလင်ပျိုတစ်ယောက်ရှိသတဲ့။ မောင်ပိုဟာ တောစပ်ယာလယ်မှာ နေ့စဉ် လယ်ထွန်ရင်းနှင့် ကျားတစ်ကောင်နဲ့ မိတ်ဆွေဖြစ်သတဲ့။

တစ်နေ့မှာတော့ ကျားက မောင်ပိုကို ပြောသတဲ့။ "မောင်ပို၊ မင်းညနေ ရွာပြန်တဲ့အခါ ငါပါ လိုက်လည်ပါရစေ"လို့ ပရိယာယ်နဲ့ ဆိုသတဲ့။ ဒီတော့ မောင်ပိုက "ကိုကျား ငါ့နောက် မလိုက်လေနဲ့၊ မင်းတို့ဟာ ကျွဲနွားတို့ကို ဆွဲတတ်တာကြောင့် ရွာသူရွာသားတွေ တွေ့ရင် ရိုက်နှက်ခံရလိမ့်မယ်။ အဆင်မသင့်ရင် အသက်သေမယ်" လို့ ဖျောင်းဖျပြောဆိုလေသတဲ့။

အဲဒီလို မောင်ပိုက ခေါ်ဖို့ ငြင်းဆန်တော့ ကျားကြီးဟာ အစားအစာအတွက် ရှာဖွေရ ခက်ခဲတာကြောင့် သူ့ဘာသာပဲ လူတို့ ရွာကို မောင်ပို ပြန်ပြီး နောက်ယောင်ခံ လိုက်ခဲ့သတဲ့။ ဒါကို မောင်ပို သိလို့ အတန်တန် ပြန်ဖို့ပြောပေမဲ့ မရဘူးတဲ့ကွယ်။

အဲဒီညမှာပဲ ကျားဟာ ရွာထဲဝင် နွားကိုဆွဲလို့ ရွာသူရွာသား တွေဟာ တုတ်ဓားဆွဲ ညာသံပေးလိုက်ကြကာ ပစ်ခတ်မောင်းနှင်

mgyoe.com

လုပ်ကြသတဲ့။ ရွာသားတွေဟာ နောက်ရက်မှာတော့ သတိနဲ့နေပြီး ရွာအဝင်မှာ ထောင်ချောက်ဆင်ထားကြသတဲ့။

နောက်ရက်မှာလည်း ကျားငမိုက်သားဟာ မောင်ပို သတိပေးရက်နဲ့ အာသာမဖြတ်နိုင်လို့ ရွာထဲဝင် ဆွဲဖို့အလုပ် ရွာအဝင်မှာပဲ ထောင်ချောက် မိပါလေရော။ ရွာသားများဟာ ကျားကို အစာမပေး၊ ရေမပေးဘဲ "သူ့ဘာသာ တဖြည်းဖြည်း သေပေ့စေ၊ ဒုက္ခပေးတဲ့ အကောင်"လို့ ဆိုပြီး ပစ်ထားလိုက်ကြသတဲ့။

မောင်ပိုကတော့ မိတ်ဆွေချင်းဖြစ်တာနဲ့ သနားတာကြောင့် ရွာသားတွေ အလစ်မှာ ကျားကို လှောင်အိမ် ထောင်ချောက်ကနေ ဖွင့်လွှတ်သတဲ့။

အဲဒီလို တံခါးဖွင့်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် သုံးရက်လောက် အစားမစားရတဲ့ ကျားဟာ မောင်ပိုကို ခုန်အုပ်စားရန် ဟန်ပြင်သတဲ့။

ထိုအခါ မောင်ပိုက "အို...အဆွေကျား မိုက်မဲလှပါဘိ၊ ငါသည် သင့်ကို သနားကရုဏာထားကာ နှောင့်အိမ်ထောင်ချောက်က လွှတ်ပေးတယ်။ သင်ဟာ မိတ်ဆွေချင်း မျက်နှာကိုမျှမထောက်၊ ငါဟာ သင့်အသက်သခင် ကျေးဇူးရှင်ဖြစ်လို့ ငါ့အသား သင်မစားထိုက်ပါ" လို့ ဆိုသတဲ့။

ဒီအခါ ကျားက "အို...မောင်ပို၊ ငါဟာ သုံးရက်တာကာလ အစာမစားရလို့ သိပ်ဆာလောင် မွတ်သိပ်နေတယ်။ လောကမှာ ကျေးဇူးရှင်ဆိုတာ မရှိဘူး။ သင် ရူးနေသလား"လို့ မေးသတဲ့။

အဲဒီနောက်မှာတော့ မောင်ပိုနှင့် ကျားဟာ စားထိုက် မစားထိုက်၊ ငြင်းခုံကြပြီး သုံးဦးသော ခုံသမာဓိထံ အဆုံးအဖြတ်ခံဖို့ သဘောတူညီကာ နှစ်ဦး ထွက်ခဲ့ကြသတဲ့။

mgyoe.com

mgyoe.com

အဲဒီလို မောင်ပိုနဲ့ကျား ခုံသမာဓိ ရှာထွက်ခဲ့ရာ တောတွင်း တစ်နေရာမှာ နွားဦးခေါင်းတစ်ခုကို တွေ့ကြသတဲ့။ မောင်ပိုဟာ နွားသေခေါင်းနားကပ်ပြီး ဖြစ်ပျက်ပုံကို ပြောပြကာ "ကျားဟာ လူကို စားထိုက် မစားထိုက် တရားဆုံးဖြတ်ပေးပါ"လို့ ဆိုသတဲ့။

အဲဒီအခါ မျက်လုံးဟောင်းလောင်းနဲ့ နွားသေခေါင်းက "အချင်းတို့ ဤလောက လူ့ဘုံအနှမ်းမှာ ကျေးဇူးတရားဆိုတာ မရှိပါ။ ငါ့ကိုပဲ နမူနာကြည့်ပါ။ ငါဟာ အသက်ရှင် ပျို့ရွယ်စဉ်က လူတို့အကျိုး ကုန်းရုန်း လုပ်ခဲ့ပါတယ်။ အိုမင်းမစွမ်း ခိုင်းမကောင်းတဲ့အခါကျတော့ ဓားတိုနဲ့ခုတ် အရေဆုတ်ကာ ငါ့အသား စားကြပြန်တယ်။ ဤကား သက်သေအထင်အရှားပဲ၊ ဒါ့ကြောင့် အဆွေကျား စားထိုက်ပေရဲ့ စားပေရော့"လို့ ဆုံးဖြတ်သတဲ့။

ကျားက "ကဲ...မောင်ပို ဘယ့်နှယ်ရှိစ၊ မင်းကို ငါစားမယ်" ပြောတော့ "နေဦး...ကိုကျား၊ ငါတို့ ကတိအတိုင်း ဒုတိယ ခုံသမာဓိ ရှာရဦးမယ်"လို့ ပြောပြီး ခရီးဆက်ခဲ့ပြန်သတဲ့။

အဲဒီလိုနဲ့ မောင်ပိုနဲ့ ကျားဟာ ညောင်ညိုပင်ကြီးတစ်ပင်ဆီ ရောက်ခဲ့ပြန်ပါရော။ မောင်ပိုက ညောင်ညိုပင်ကြီးအား တိုင်တည် ပြန်တယ်။

"အိုဘယ့် ညောင်ညို
ငါ့ကို သနားပါ။
ကျားသတ္တဝါ၊ သနားတာကြောင့်
ငါ လွှတ်ပေးခဲ့မိပါတယ်။
ကျေးဇူးမသိ၊ ကျားတေိ
ငါ၏အသား စားမတဲ့။
စားထိုက် မထိုက်၊ နှစ်ခြိုက်မှန်စွာ

mgyoe.com

mgyoe.com

ဆုံးဖြတ်ပါလော့"

လို့ ကျိုးကြောင်း ဖွင့်ဆိုကာ အမှုအပ်ပါလေရော။

ထိုအခါ ညောင်ညိုပင်ကြီးက

"အို...အချင်းတို့

လောကတစ်လွှား၊ ကျေးဇူးတရား

မကြားဖူးပါတကား။

ပမာပုံပြု၊ ငါ့ကိုရှုလော့...

လူထုများထို၊ ငါ့ရိပ်ခိုကြ

ညောင်ညိုရိပ်တွင်း၊ မှီခိုရင်းပင်

အတွင်းဆွဲတက်၊ ကိုင်းခက်ယူချိုး

လူတို့ဆိုးလှပါတကား

တရားကျေးဇူး၊ မရှိဘူးကွဲ့

ကိုက်လှည့်စားလှည့် သင့်သကွဲ့"

လို့ မောင်ပိုကို ကျားက စားသင့်ကြောင်း ဆုံးဖြတ်ပြန်ပါရော။ ဒီအခါ ကျားက "ကဲ...မောင်ပို"လို့ ဆိုသတဲ့။ မောင်ပိုက "ကိုကျား ကတိတည်ပါ။ နောက်ဆုံး ခုံသမာဓိတစ်ဦး ကျန်သေးတယ်"လို့ ဆိုပြီး ခရီးဆက်ခဲ့ပြန်ရော"

လမ်းခရီးမှာ ယုန်တစ်ကောင်နဲ့ တွေ့ပြန်တာပေါ့ကွယ်။ ကျားကလည်း ဆာလောင်လှပြီ။ "မောင်ပို ဆုံးဖြတ်ခံမှာဖြင့် မြန်မြန်မေးပါ။ ဒီတစ်ခါ နောက်ဆုံးလို့ ပြောသတဲ့"

မောင်ပိုက ယုန်ကို အကျိုးအကြောင်း ပြောပြသတဲ့။ ကျားနှင့်မိတ်ဆွေဖြစ်ပုံ၊ ကျားက နွားဝင်ဆွဲပုံ၊ ရွာသားတို့ ထောင်ချောက်ဆင်ဖမ်းပုံ၊ အစာရေစာပြတ်နေ၍ သနားသဖြင့် လွှတ်ခဲ့ပုံ၊ ကျေးဇူးမထောက် လွှတ်ပေးသူကို စားမယ်တကဲကဲ နောက်ကလိုက်နေပုံ၊

mgyoe.com

mgyoe.com

တရားဆုံးဖြတ်ခံပုံများ မချန်မခြွင်း ပြောပြသတဲ့။

"ခုံသမာဓိ၊ ယုန်ပညာရှိ
တရားသိသဖြင့်၊ ထိုက်သင့်ထိုက်ရာ
စီရင်ပါလော့"လို့ ဆိုတဲ့အခါ ယုန်ပညာရှိက....
"အဆွေတို့ ကြားကြကုန်လော့
မြင်ရှုံကြားရုံ၊ မလုံလောက်သေး
ရှေးဦးအစ၊ ဌာနနေရာ
သေချာကြည့်ဖို့၊ သွားကြစို့"

လို့ ဆိုကာ "ဖြစ်ပျက်ပုံကို သေသေချာချာသိမှ စီရင်ဆုံးဖြတ်နိုင်မယ်။ ဘယ်နေရာက၊ ဘယ်လို၊ ဘာကြောင့် စဖြစ်ရတယ်ဆိုတာ ကြည့်ချင်တယ်"ဆိုပြီး အမှုဖြစ်ပွားရာဆီ သုံးဦးသား သွားကြသတဲ့။

ထောင်ချောက်ဆီ ရောက်တဲ့အခါ "အဆွေကျား သင်က ဘယ်ပုံနေရပါသလဲ။ ဤထောင်ချောက်က သင့်အောက်တွင် ရှိ၍ သင်က ခြေဖြင့် ဖိထားသလား"လို့ စစ်မေးသတဲ့။ ထိုအခါ ကျားက "မဟုတ်ပါဘူး၊ ထောင်ချောက်အတွင်း ပိတ်မိခြင်းကြောင့် ဝပ်စင်း၍သာ နေရပါသည်"လို့ ဖြေသတဲ့။

ထိုအခါ ယုန်က "သင်ပြောတာ ငါနားမရှင်းပါဘူး၊ အဆွေကျား ရပ်နေတာကြောင့် လက်ခြေ မြှောက်ပြီး ထောင်ချောက်က သင့်ရင်ဘတ်အောက် ရောက်နေသလား၊ ငါမရှင်းမလင်း ဖြစ်နေရပါတယ်။ ပုံသဏ္ဌာန်ကလေးမျှ ကြည့်လိုတာကြောင့် ခေတ္တခဏ ထောင်ချောက်တွင်း ဝင်ရပ်ပြစေလိုပါတယ်"လို့ ပြောသတဲ့။

ထိုအခါ ကျားက "ဤယုန်ဟာ စကားကြောရှည်လှတယ်။ ကဲ....မြန်မြန်ပြီးလည်း ပြီးရော၊ ဒါမှ ငါမြန်မြန်စားရမယ်"လို့ တွေးပြီး

mgyoe.com

mgyoe.com

ထောင်ချောက်တွင်းဝင်ပြီး ရပ်နေဟန်ပြသတဲ့။

အဲဒီလို ကျားထောင်ချောက်ထဲ ဝင်တာနဲ့ တစ်ပြိုင်နက် ယုန်ဟာ မောင်ပိုကို ထောင်ချောက်တံခါး အမြန်ပိတ်စေသတဲ့။ ကျား အလှည့်ပြီးလို့ မောင်ပိုက သူ့မေးမယ်ထင်လို့ ဖွင့်ဟန်ပြုတဲ့အခါ ယုန်က လျင်မြန်စွာ တားလိုက်ပြီး ကျားကို ပြောသတဲ့။

"ကဲ…အဆွေကျား၊ တရားအမှန်
စီရင်ရန် ငါအကြံရပါပြီ။
သင်၏မူလ၊ ဤဌာန
မုချမလွဲ၊ ထောင်ချောက်ထဲ
နေမြဲ နေပါလေဦးတော့။
လူသားမောင်ပို၊ လုလင်ပျို
နဂိုမလွဲ၊ ကျားနှင့်ခွဲ
နေမြဲရင်းသာ နေပေလော့"

လို့ ခုံသမာဓိ ယုန်ပညာရှိက တရားဆုံးဖြတ်လေသတဲ့။

အဲဒီပုံပြင်လေးကို ထောက်ပြီး "ပိုနေမြဲ၊ ကျားနေမြဲ"ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာသတဲ့။

ကလေးတို့ရေ…ဒီပုံပြင်လေးကို သင်ခန်းစာယူပြီး ကျေးဇူး တရား မသိတတ်သူတွေနဲ့ မပေါင်းအပ်ဘူးလို့ မှတ်ကြပါ။ သူ့ ကျေးဇူးကို သိတတ်တဲ့ ပညာရှိ သူတော်ကောင်းများနဲ့သာ ပေါင်း ဖက်ရမယ်ဆိုတဲ့ မင်္ဂလာတရားတော်အတိုင်း လိုက်နာကျင့်ကြဖို့ သင့်ပါသတဲ့ကွယ်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျီစားသန် ရန်ဖြစ်

ကလေးတို့ရေ....ရှေးအခါက ပုဂံပြည်မှာ နရသီဟပတေ့မင်းကြီး အုပ်စိုးသတဲ့။ မင်းကြီးမှာ မိဖုရားစောလို့ အမည်တွင်တဲ့ မိဖုရားကြီး တစ်ပါးအပြင် စောလုံ၊ စောနန်း၊ ရှင်ဖား၊ ရှင်မောက်၊ ရှင်ရွှေလို့ ခေါ်တွင်တဲ့ မိဖုရားငယ်ငါးပါး ရှိလေသတဲ့။

နရသီဟပတေ့မင်းကြီးမှာ ညဥ့်ဆိုးတစ်ခု ရှိသတဲ့။ အိပ်ရာက နိုးတာနဲ့ မောင်းမတွေကို တွေ့ကရာနဲ့ ကောက်ပေါက်တတ်တယ် ဆိုပဲ၊ အဲဒီအကြောင်းသိတဲ့ မိဖုရားစောက မင်းကြီး အိပ်ပျော်တဲ့အခါ အပါးတော်မှာ လေးလံ့မာကျောတဲ့ လက်နက်များ မထားစေဘဲ လုံပနီ သီးများကိုသာ ပုံထားလေသတဲ့။ မင်းကြီး နိုးတဲ့အခါ လုံပနီသီးနဲ့ ကောက်ပေါက်တာပေါ့ကွယ်။ အချို့မောင်းမများ လုံပနီသီး ဒဏ်ကြောင့် တချို့ ခါးယမ်းသွားတာကြောင့် လုံပနီသီးကို ယနေ့ တိုင် ခါးယမ်းသီး (ခရမ်းသီး)လို့ ခေါ်တွင်သတဲ့။

နရသီဟပတေ့မင်းကြီးမှာ အခြားညဥ့်ဆိုးတစ်ခုလည်း ရှိသေးသတဲ့။ အဲဒါကတော့ အကျီစားသန်ခြင်းပဲ။

မင်းကြီးဟာ နှစ်စဉ်နှစ်တိုင်း နွေအခါမှာ နန်းတော်ကနေ

mgyoe.com

mgyoe.com

မြစ်ဆိပ်အရောက် တဲတန်းကြီးဆောက်ပြီး တောက်လျှောက် လုံခြုံစွာကာရံထားပြီး မိဖုရား မောင်းမမိသံနဲ့ ရေဖျန်းကစားလေ့ရှိသတဲ့။

တစ်ခါမှာတော့ မင်းကြီးဟာ မိဖုရားငယ် "စောလုံ"ကို ကျီစားလိုတာကြောင့် မောင်းမငယ် တစ်ဦးကို နှုတ်ထည့်ထားလေသတဲ့။ မိဖုရားငယ် စောလုံကို ခေါင်းကနေ တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင်၊ ရေမွှန်းအောင် လောင်းစေသတဲ့။ စောလုံဟာ စိတ်ဆတ်သူဖြစ်တာကြောင့် မင်းကြီးကို "ငါ့အရှက်ခွဲတယ်"ဆိုပြီး စိတ်နာလေသတဲ့။

တစ်နေ့မှာတော့ စောလုံဟာ မင်းကြီး ပွဲတော်စာထဲ အဆိပ်ထည့်ပြီး ငါနေမကောင်းလို့ ဆက်ချေပါလို့ ရှင်မောက်ကို ခိုင်းလိုက်သတဲ့။

ရှင်မောက် လာဆက်လို့ မင်းကြီး ပွဲတော်စာ စားမယ်အပြုမှာ အောက်ကခွေးချေဆတ်သံကြားလို့ မသင်္ကာတာနဲ့ ပွဲတော်စာကို ခွေးကို ချကျွေးကြည့်သတဲ့။ ပွဲတော်စာကို စားပြီးခဏမှာ ခွေးလည်း သေဆုံးလေသတဲ့။

မင်းကြီးဟာ ရှင်မောက်ကို စစ်မေးလေသတဲ့။ ရှင်မောက်က မကွယ်မထောက် "စောလုံက ဆက်ချေပါ"ဆိုလို့ ဆက်ရကြောင်း တင်လျှောက်သတဲ့။

စောလုံက စစ်မေးတဲ့အခါ "ဟယ်...ပန်းပွတ်သည်မရဲ့ မြေး၊ နင် ငါလုပ်ကျွေးသဖြင့် ငါ့ကို သူကောင်းပြုသော်လည်း အများရှေ့မှာ အရှက်ကွဲအောင် မောင်းမငယ်ကို ရေလောင်းခိုင်းတဲ့အတွက် ငါစိတ်နာပြီး ဤသို့ ကြံစည်မိတယ်"လို့ ဝန်ခံသတဲ့။

မင်းကြီးလည်း အမျက်ထွက်ပြီး သံကျပ်စင်မှာ ဖိုထိုးသတ်စေလို့ အမိန့်ချမှတ်သတဲ့။ မိဖုရားစောလုံဟာ သံကျပ်စင်ဆောက်သူ

mgyoe.com

တွေကို ခုနစ်ရက်တာမျှ ကြာအောင် ရက်ဆွဲဆောက်ဖို့ ငွေပေးမှာကြားသတဲ့။ အဲဒီ ခုနစ်ရက်အတွင်းမှာ စောလုံဟာ ဥပုသ်သီတင်း သီလများ ဆောက်တည်သတဲ့။ တရားနာခြင်း၊ ပုတီးစိပ်ခြင်းပြုသတဲ့။ ခုနစ်ရက်စေ့လို့ သံကျပ်စင် မီးတင်ပြီး မီးလျှံရဲရဲရှိတဲ့အခါ စောလုံဟာ မကြောက်မရွံ့ သံကျပ်စင်ပေါ်တက်သတဲ့။ သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့် မီးသုံးကြိမ်တိုင်တိုင် ငြိမ်းလေသတဲ့။

အဲဒီနောက်မှ "ငါသည် ခဏချင်း မီးကျွမ်းစေသောဝ်၊ တောင်းတဲ့ဆု ပြည့်စေသောဝ်"လို့ အဓိဋ္ဌာန်ပြုတဲ့အခါမှ မီးကျွမ်းလောင်ပြီး သေဆုံးလေသတဲ့။

မိဖုရားစောလုံ သေပြီးမှ မင်းကြီးဟာ နောင်တကြီးစွာရသတဲ့။ စက်တော်ခေါ်ရာတွင်ပင် ယောင်ယမ်းပြီး "စောလုံ စောင့်ပါခလှည့်၊ စောလုံ စောင့်ပါခလှည့်"လို့ ရေရွတ်မြည်တမ်းခြင်း ပြုသတဲ့။

ဤရာဇဝင် အဖြစ်အပျက်ကို မှတည်ပြီး ပညာရှိတို့ဟာ "အကျိုးစားသန် ရန်ဖြစ်"ဟူသော ဆိုရိုးစကားဖြင့် ဆုံးမတတ်ကြသတဲ့။

ကလေးတို့ရေ....ဒီရာဇဝင်ပုံပြင်လေးကို ထောက်ထားပြီး အလွန် မကျီစားဖို့ သတိပြုရမကွဲ့။ အများရှေ့မှာ အလွန်အကျွံ နောက်ပြောင်ကျီစယ်ရင် တစ်ဖက်သား အရှက်ရပြီး အမုန်းပွားတတ်တာကြောင့် ရှောင်ကြဉ်ရမကွဲ့။ နို့မဟုတ်က အမျက်စောင်မာန်ပွားပြီး အကျိုးယုတ်တတ်ကြောင်း သတိပြုကြပေတော့ကွယ်။

■

mgyoe.com



mgyoe.com

mgyoe.com

## စားရက်ကြဲတော့ မှတ်ဆိတ်ပြာစွဲ

တစ်ခါတုန်းက ရွာတစ်ရွာမှာ အဂ္ဂိရတ် အလွန်ဝါသနာပါတဲ့ အဘိုးအို၊ အဘွားအို လင်မယားနှစ်ယောက် ရှိကြသတဲ့။ အဂ္ဂိရတ်ဆိုတာကတော့ ရဲနေတဲ့မီးဖိုမှာ လုံကိုတင်ပြီး ရွှေဖြစ်ငွေဖြစ် ဖိုထိုးကြတာပေါ့ကွယ်။ အမြဲတမ်း မီးကို ကုန်းမှုတ်မနေနိုင်တော့ မီးမှုတ်ကိရိယာ ဖားဖိုတပ်ပြီး လက်နဲ့ အကြိမ်ကြိမ်အခါခါ ဆွဲတာပေါ့။ အဲဒီအခါ ဖားဖိုက ပိန်လိုက် ဖောင်းလိုက်နဲ့ မီးဖိုကို အမြဲတမ်း လေရစေပြီး မီးရဲစေတာပေါ့။ အဲဒီမှာ မီးသွေးလိုရင် ထပ်ထည့်ပြီး မီးချိန်ပြီး လုပ်ကြရတာပေါ့။ မီးသွေး အလွန်ကုန်တဲ့ အလုပ်ပေါ့ကွယ်။ တချို့ကတော့ ပြဒါးကို သေအောင် ထိုးကြတယ်။ တချို့ ကတော့ ကြေး၊ သံတွု၊ ငွေ အမျိုးမျိုးကို စမ်းသပ်ပြီး လုံထဲထည့်ထိုးကြတာပါပဲ။ ဒါပေမဲ့ တစ်ရာတစ်ယောက် တစ်ထောင်တစ်ယောက် ဖြစ်ခဲ့သတဲ့။

အဘိုးအို၊ အဘွားအိုကို့ဟာလည်း နေ့စဉ် မနားတမ်း ထိုးပေမဲ့ ဘာအကျိုးမှ ပေါ်မလာဘူးတဲ့။ ဖိုထိုးတဲ့အခါ ဖားဖိုကြီးက ရှု–ထည့်၊ ရှု–ထည့်နဲ့ ရှိတာအကုန်ထည့်ခိုင်းတော့တာပဲ။ ရှု–ထည့် ဆိုတာ ဖားဖိုကြီးဆွဲတော့ မြည်တဲ့အသံပေါ့။ နေ့စဉ် မီးသွေးတွေကို

mgyoe.com

မီးရှို့ပြီး လုံနဲ့ကျိုချက်ရတော့ ကြာတော့ ရှိတဲ့ဥစ္စာပစ္စည်း မီးသွေးဖိုး၊ လုံဖိုး၊ အခြား ပစ္စည်းပစ္စယဖိုးတွေနဲ့ ကုန်ဆုံးတာပေါ့ကွယ်။

အဘိုးအို၊ အဘွားအိုတို့လည်း ရှိတာကုန်တော့ အလွန်ဆင်းရဲသွားပြီး အဘိုးအိုက ထင်းခွေရသတဲ့။ အမယ်အိုက ရွာရိုးလျှောက် ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းကြရတယ်။

အဘိုးအို၊ အဘွားအိုတို့ဟာ ဝတ်စရာလည်း စုတ်ပြတ်၊ စားစရာလည်း နေ့ည အလျှင်မိဖို့ အနိုင်နိုင် လုပ်ကိုင်နေရတာတောင် တစ်နေ့ ရွှေဖြစ်စိန်း၊ တစ်နေ့ ငွေဖြစ်စိန်း၊ တစ်နေ့တစ်နေ့ တန်ခိုးဣဒ္ဓိပါဒ်ပေးစွမ်းနိုင်တဲ့ ဓာတ်လုံး ဓာတ်ပြာ ရနိုးနိုးနဲ့ ဖိုဆက်ထိုးတဲ့အခါ နောက်ဆုံး အလေးငယ်တစ်လုံးသာ ကျန်ရစ်တော့သတဲ့။

အဲဒီတော့မှ အဂ္ဂိရတ်ကို စိတ်နာပြီး နောင်တရကာ လက်စဖြတ်လိုက်ကြသတဲ့။

ဒီလိုနဲ့ တစ်နေ့မှာတော့ အဘိုးကြီးဟာ တောကို ထင်းခွေထွက်ခဲ့သတဲ့။ အဲဒီမှာ လုလင်တစ်ဦးက အဘိုးအိုကို ပြာတစ်ဆုပ်လာပေးတယ်။ "အဘိုးကြီး၊ ဤပြာနဲ့ ရောစပ်ပြီး အဂ္ဂိရတ်ထိုးပါက အကျိုးပြီးမြောက်-ရွှေလမ်းငွေလမ်း ပေါက်လိမ့်မယ်"လို့ ဆိုသတဲ့။

ဒါပေမဲ့ အဘိုးအိုက အဂ္ဂိရတ်ကို စိတ်နာသွားတာကြောင့် "သင့်ပြာကို ငါမယူလို"ဟု ငြင်းသတဲ့။

အဲဒီအခါ လုလင်ပျိုက "ဤအဘိုးကြီးကို ငါသနားလှတယ်။ ငါ ကူညီရမယ်"လို့ စိတ်ထဲအောက်မေ့ပြီး အဘိုးအိုရဲ့ မုတ်ဆိတ်ကို ရုတ်တရက် ပြာတွေသုတ်ပေးပြီး ပျောက်ကွယ်သွားသတဲ့။

ဒီအခါတွင်မှ အဘိုးအိုက "စင်စစ်တော့ လုလင်ပျိုက ဝိဇ္ဇာဓိုရ်ဖြစ်ပေမယ်"လို့ ဝမ်းသာအားရနဲ့ အိမ်ကို ပြန်ပြေးလာသတဲ့။

အိမ်ကိုပြန်ရောက်တော့ မုတ်ဆိတ်ကို ဓားနဲ့ရိတ်ပြီး

mgyoe.com

mgyoe.com

အလေးငယ်နဲ့ ရောစပ်ကာ အဂ္ဂိရတ်ထိုးတဲ့အခါ အကျိုးပြီးမြောက် ရွှေလမ်းပေါက်လေသတဲ့။

ဤပုံပြင်လေးကို အမှီပြုပြီး 'စားရကံကြုံတော့ မုတ်ဆိတ်ပြာစွဲ'ဆိုတဲ့စကားပုံ ပေါ်ပေါက်လာသတဲ့။ ကာလရွေ့လျောတဲ့အခါ အချို့က 'စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲ'ဆိုပြီး အသုံးပြောင်း မှတ်ယူသွားကြပြန်တယ်။ အမှန်မူရင်းကတော့ အဘိုးအို မုတ်ဆိတ်ကို ဝိဇ္ဇာဓိုရ်ရဲ့ ပြာသုတ်သွားလို့ 'ပြာစွဲ'လို့ပဲ ရှေးပညာရှိတို့ ဆိုကြတယ်။

ကလေးတို့ရေ...ဤပုံပြင်ကလေးကို ထောက်ရှုပြီး ယခုမျက်မှောက်အလုပ်ကို ပဓာနထားပြီး ရှေးကုသိုလ် အကျိုးပေးချိန် ရောက်လာရတယ်လို့ မှတ်ရမကွဲ့။ အကြောင်းအကျိုး ချင့်ချိန်ပြီး အကျိုးရှိအောင် လုပ်ဆောင်သင့်ကြကြောင်း မှတ်သားကြရမကွဲ့။

■

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံရ

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ပညာကြွယ်ဝတဲ့ ဒိသာပါမောက္ခ တက္ကသိုလ်ဆရာကြီးတစ်ဦး ရှိသတဲ့။ ထို ဒိသာ ပါမောက္ခ ဆရာကြီးထံ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတို့ အဋ္ဌာရသ တက္ကသိုလ် ပညာများ သင်ကြားရန် ရောက်လာကြသတဲ့။ သုံးနှစ်သုံးမိုးလို့ ဆိုတဲ့ အတွက် တက္ကသိုလ်ပညာများ တတ်မြောက်ရန် သုံးနှစ်တာ အချိန်ကြာ ညောင်းတယ်လို့ မှတ်ရပေမှာပေါ့ကွယ်။

ဆရာကြီးဟာ မင်းညီမင်းသားများကို ပညာများ သင်ပေးပြီး တဲ့အခါ သုံးနှစ်သုံးမိုး ပြည့်မြောက်လို့ အသီးသီး မိဘရပ်ဌာန် မိမိတို့ တိုင်းနိုင်ငံ ပြန်ခွင့်ပြုလိုက်သတဲ့။

ဆရာကြီးဟာ အဲဒီပြန်ကြတဲ့ တပည့်များစွာအနက် နောက် ဆုံးမှ ထွက်လာတဲ့ တပည့်တစ်ဦးကို အထူးချစ်မြတ်နိုးတာကြောင့် မိမိရဲ့သမီးချောနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်သတဲ့။ နောက် မင်းသား ကို အပါးခေါ်ပြီး ပြောသတဲ့။

"ငါ့တပည့် ဤလောကမှာ ကိုယ်ကကျူးပါမူ၊ ကိုယ့်ဒူး တောင် မယုံရဘူး"လို့ ဩဝါဒစကား ပြောကြားလိုက်လေသတဲ့။

mgyoe.com

mgyoe.com

သို့ရာတွင် တပည့်ဖြစ်သူဟာ ဆရာကြီးရဲ့စကားကို နားမဝင်၊ နားမှာမသွင်း ယုံကြည်ခြင်း မရှိဘူးတဲ့ကွယ်။

ဒါကြောင့် ဆရာကြီးဟာ ပညာအတတ်နဲ့ မင်းသားရဲ့ဒူးကို ဖြတ်၊ သစ်သားဒူးကို တပ်ဆင်ပေးပြီး ဒူးအစစ်ကိုတော့ မင်းသား မသိအောင် သူ့အိတ်ထဲ ထည့်ပေးလိုက်လေသတဲ့။ အဲဒီနောက်မှာ ဆရာကြီးက မှာပြန်တယ်။ "ငါ့တပည့် လမ်းခရီးစပ်ကြား ငါ့သမီး ဖောက်ပြားပါက ငါ ဆရာထံ အမြန်မနေး လာရောက်ပြောကြားပါလေ"လို့ မှာကြားလိုက်ပြန်သတဲ့။

အဲဒီလိုနဲ့ မင်းသားဟာ ကြင်ရာတော်ခေါ်ပြီး ပြန်ခဲ့ကြတာပေါ့ကွယ်။ လမ်းခရီးစပ်ကြားမှာတော့ မင်းသားဟာ အခြားမင်းသား တစ်ဦးနဲ့ ကြွေအန်ကစားကြသတဲ့။ အဲဒီလို ကြွေအန်ကစားချိန်မှာ ကြင်ရာတော်ကို အခန်းတစ်ခုတွင်း သွင်းထားကာ တံခါးပိတ်ထားသတဲ့။

အဲဒီလို ပိတ်ထားပြီးမှ ကြွေအန်ကစားကြရာမှာ "ငါ၏ ကြင်ဖက်တော်သည် ငါ့အပေါ်တွင် သစ္စာမှန်ကန်၊ မဖောက်ပြန်ပါမူ အမှန်မုချ ကြွေအန်နိုင်ပါစေသား"လို့ ဆိုပြီး လောင်းကစားသတဲ့။ သို့သော် မင်းသားကြွေအန်ရှုံးလေသတဲ့။ ဒါကြောင့် ကြင်ရာတော်ရဲ့ အခန်း အမြန်လှမ်းပြီး ခန်းဆီးလိုက်ကာ မကာ စုံစမ်းလေသတဲ့။

အဲဒီအခါ သူ့ကြင်ရာတော်ဟာ ရိပ်သာခန်းတွင်းမှာ လုလင်ပျိုတစ်ဦးနဲ့ နှစ်ကိုယ်ယှဉ်ဖက် ပျော်မြူးလျက်နေပုံ တွေ့ကြုံရသတဲ့။ ဒါကြောင့် မင်းသားဟာ ကြာခိုတဲ့လုလင်ကို သန်လျက်ဓားနဲ့ ပိုင်းဖြတ်မယ်လို့ ရွယ်လိုက်သတဲ့။ ထိုစဉ်မှာပဲ ဆရာရဲ့ ဩဝါဒ စကား ပြန်လည် ကြားယောင်တာကြောင့် ဆရာကြီးထံ အမြန်ပြန် လာကာ အကျိုးအကြောင်း ရှင်းပြပြောဆိုလေသတဲ့။

mgyoe.com

mgyoe.com


ထိုအခါ ဆရာကြီးက "ငါ့တပည့် ထိုကြာနုံသည့် မင်း သား သည် အခြားသူမဟုတ်၊ သင်၏ ဒူးအစစ် ဖြစ်ပေတယ်"လို့ သနစ်စုံ ပြောပြတဲ့အခါကျမှ မင်းသားဟာ လောကကြီးအကြောင်း ကောင်းစွာ ရိပ်မိ သိရှိရလေသတဲ့။

ဤပုံပြင်လေးကို အကြောင်းဥပမာပြုပြီး "ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံရ"ဟူသောစကားပုံ ပေါ်ပေါက်လာလေသတဲ့။

ကလေးတို့ရေ...ဒီပုံပြင်ကလေးဟာ လောကမှာ ယုံကြည် စိတ်ချရသူ ရှားပါးတဲ့အကြောင်း၊ ယုံကြည်လောက်တဲ့ မိတ်စစ် ဆွေစစ်ကို အထူးစိစစ် ရှာဖွေသင့်ကြောင်း ပြဆိုတဲ့ ပုံပြင်ကလေးပါပဲ ကွယ်။

■

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# တက် တက်လွဲ

ရှေးအခါက တောရွာတစ်ရွာမှာ လုံမပျိုတစ်ဦးနဲ့ လုလင်ပျိုကာလသားတစ်ဦးတို့ဟာ တစ်ဦးနဲ့တစ်ဦး လူငယ်ချင်းဘာဝ ချစ်ကြိုက်မိကြသတဲ့။ သူတို့နှစ်ဦးရဲ့အဖြစ်ကို မိဘများက သဘောမတူကြဘူးတဲ့ကွယ်။ ဒါ့ကြောင့် နှစ်ဦးသား ပူပင်သောကတွေဝေလို့ တစ်နေ့တစ်ချိန်မှာ ခိုးရာအတူလိုက်ဖို့ ဘာသာဘာဝ တိုင်ပင်မိကြသတဲ့။

လုံမပျိုက "မောင်ကြီးရေ ကြာရင် လူကြီးတွေက ကျွန်မတို့ကို ခွဲပါလိမ့်မယ်၊ ဒီနေ့ညပဲ ခိုးလှည့်ပါ။ ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင်တဲ့ သန်းခေါင်အချိန်ရောက်ရင် မောင်ကြီးလာခဲ့ပါ။ ကျွန်မတို့ အိမ်အောက်မှာ တက်တက်မြည်တဲ့ တုံးကလေးကို သုံးချက်ခေါက်ပြီး အသံအချက်ပေးပါ။ အထုပ်အပိုးနဲ့ မောင်ကြီးနောက် ခိုးရာလိုက်ဖို့ ကျွန်မ အိမ်အောက်ဆင်းခဲ့ပါ့မယ်"လို့ အလုံးစုံ မှာသတဲ့။

လုလင်ပျိုကလည်း "မစိုးရိမ်ပါနဲ့ နှမရယ်၊ မောင်ကြီး လာခဲ့ပါ့မယ်"လို့ ကတိပြုလိုက်သတဲ့။

ဖြစ်ချင်တော့ လုံမပျိုနဲ့လုလင်ပျို အဲဒီလို အချိန်းအချက်ပြုကြတာကို ချုံပုတ်ကြားက ဘိန်းစားဖိုးတေ ကြားပါလေရော။

mgyoe.com

mgyoe.com

အလုံးစုံကြားတော့ "ပုံမှားရိုက်ပြီး အချောင်ရအောင်ကြံမှုပဲ" လို့ မကောင်းစိတ်မွေးပြီး သန်းခေါင်ယံမတိုင်မီ လုံမပျိုချိန်းရာဆီ သွားလေသတဲ့။

လူခြေကတိတ်ဆိတ်၊ အိပ်သူတွေ အိပ်ပေမဲ့ လုံမပျိုကတော့ အချက်ပေးသံကိုပဲ တထိတ်ထိတ် နားစွင့်နေတာပေါ့ကွယ်။ စိတ်စောနားစွင့်ခိုက်မှာပဲ အိမ်အောက်က တကက်တက်သံကြားလို့ အထုပ်ပိုက်ပြီး ဆင်းခဲ့လေသတဲ့။

လုံမပျို ဆင်းလာတယ်ဆိုရင်ပဲ အချောင်သမား မောင်ဘိန်းစားက လက်ဖျားလေးဆွဲ တကတည်း သုတ်ခြေတင်ကြပါရော၊ လက်ချင်းယှက်၊ ပခုံးချင်းဖက်လို့ ခပ်သွက်သွက် လျှောက်ခဲ့ကြတာပေါ့။

အဲဒီလိုနဲ့ နောက်တစ်နေ့မိုးသောက် အလင်းရောက်တဲ့အခါ လူမိုက်ဘိန်းစားဟာ စောင်ခေါင်းမြီးခြုံ အိပ်နေသတဲ့။ စိတ်မလုံတာကြောင့် ချမ်းတဲ့ပုံနဲ့ ကွေးနေတာပေါ့ကွယ်။ လုံမပျိုက သူ့မောင်ကြီး သစ်ဖို့ မျက်နှာသစ်ရေ ခပ်လာပြီး "မောင်ရေ ထတော့ကွာ၊ မိုးကြီးတောင် လင်းနေပြီ"ဟု ခရာသလို ညှပ်ဟန်နဲ့ ဆတ်ခနဲ စောင်ခြုံကို ဆွဲလိုက်ပါရောတဲ့။

အဲဒီအခါကျမှ "အလို...ဟင် ပျိုခင်မှားပါပေါ့၊ ခုမှ ငါးပါးသာမက ဆယ်ပါးကြီးမှောက်ပြီ။ သေမလောက် အရှက်ကွဲ တကက်တက်သံလွဲပါပေါ့" ချုံးပွဲကြီးချ ငိုပွဲဆင်ရတော့သတဲ့။

ဤကျေးလက်ပုံပြင်လေးကို ထောက်ရှုပြီး 'တကက်တက်လွဲ' ဆိုတဲ့ စကားပုံစကား ဖြစ်ပေါ်လာပါသတဲ့ကွယ်။

ကလေးတို့ရေ...အဲဒါကြောင့် ဘယ်အမှုကိစ္စမဆို သေချာဂရုစိုက်တာတောင်မှ လွဲချော်တတ်တယ်။ ဒါကြောင့် အစအဆုံး အထူး

mgyoe.com

ဂရုပြု စစ်တတ်ကြဖို့ ပညာပေးတဲ့ ရှေးပုံပြင်ကလေးပါပဲကွယ်။ ကလေး တို့လည်း တက်တက်လွဲတဲ့ အဖြစ်မျိုး မကြုံကြရအောင် သတိပြုကြ ပေတော့ကွယ်။

■

m.gyoe.com